
www.facebook.com/onairmm khtnetpc
For Knowledge & Educational Purposes


# တရားစွဲဆိုရန်ခွင့်ပြုမိန့်

# SANCTION



ဦးကျော်ဇေယျ

တရားစွဲဆိုရန်ခွင့်ပြုမိန့်
SANCTION



ဦးကျော်ဇေယျ

## ဒို့တာဝန်အရေးသုံးပါး

- ✱ ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- ✱ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- ✱ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ★ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများစိတ်ဝင်စား၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ★ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပပျောက်ပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ★ တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သို့

..........................................................

..........................................................

..........................................................

မှ

..........................................................

..........................................................

..........................................................

စာအုပ်စာတမ်းစာနယ်ဇင်း
ကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
၄၀၀၂၂၂၀၂၀၇
မျက်နှာဖုံးကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
၄၀၀၂၇၃၀၃၀၇

မျက်နှာဖုံးဒီဇိုင်း – ရွှေလက်လှ
ပုံနှိပ်ခြင်း – ပထမအကြိမ်
အုပ်ရေ – ၅၀၀
ပုံနှိပ်ပြီးသည့်လ – ၂၀၀၇ ခုနှစ်၊ ဇွန်လ
တန်ဖိုး – ၁၀၀၀ ကျပ်
မျက်နှာဖုံးနှင့် – စာပေလောကပုံနှိပ်တိုက်၊
အတွင်းပုံနှိပ် ဒေါ်ခင်လှ(၀၁၅၇၈)
အမှတ် ၁၇၃၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ – ဦးကျော်ဇေယျ
စကားပြောနေသူများစာပေ(၀၃၈၄)
အမှတ် ၁၂၄၊ အခန်း ၁၀၊
ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့။

## ဦးကျော်ဇေယျ၏ထုတ်ဝေပြီးသောဥပဒေစာအုပ်များစာရင်း

၁။ ပြည်သူကြားကရှေ့နေ ၁၉၈၁
၂၁၇/၈၁
၂။ ရှေ့နေရှေ့ရပ်အလုပ်သင်နှင့် ၁၉၈၃(ပထမအကြိမ်)
အသက်မွေးမှုပညာ (ပြစ်မှုပိုင်း)
၀၄၉၅/၈၃
၃။ ရှေ့နေစကား ရှေ့နေနား ၁၉၈၄
၁၅၇၀/၈၄
၄။ ရှေ့နေရှေ့ရပ်အလုပ်သင်နှင့် ၁၉၈၄
အသက်မွေးမှုပညာ (တရားမပိုင်း)
၁၉၂၈/၈၄
၅။ အမွေဥပဒေများ ၁၉၈၅
၀၆၆/၈၅
၆။ ရောင်းသူဝယ်သူများနှင့်သက်ဆိုင်သော
ဥပဒေ ၁၉၈၅(ပထမအကြိမ်)
၃၁၈/၈၅
၇။ ရှေ့နေရှေ့ရပ်အလုပ်သင်နှင့် ၁၉၈၆ (ဒုတိယအကြိမ်)
အသက်မွေးမှုပညာ (ပြစ်မှုပိုင်း)
၇၀၀/၈၆
၈။ ဥပဒေပြဿနာဉာဏ်စမ်းပုစ္ဆာများ ၁၉၈၆
၅၇၅/၈၆
၉။ မြန်မာပြည်မှာရှေ့နေလိုက်ကြသည်နှင့် ၁၉၈၇
အခြားကဗျာများ
၁၇၂/၈၇
၁၀။ လိုတိုရှင်း ရှေ့နေပညာ ၁၉၈၇
၁၉၃/၈၇
၁၁။ အမွေဆက်ခံခြင်းအက်ဥပဒေ ၁၉၈၈ (ပထမအကြိမ်)
**The Succession Act**
၃၉/၈၈(၁)
၁၂။ ပြန်လှန်စစ်မေးခြင်းပညာ ၁၉၉၀ (ပထမအကြိမ်)
၃၅၃/၈၉(၈)
**The Art of Cross-Examination**

၁၃။ ချစ်သူအိမ်ထောင်ဖက်များဆိုင်ရာဥပဒေ ၁၉၉၁ (ပထမအကြိမ်)<br>
၂၂/၉၀(၄)

၁၄။ ရောင်းသူဝယ်သူများနှင့်သက်ဆိုင်သော ဥပဒေ ၁၉၉၂ (ဒုတိယအကြိမ်)<br>
၁၃၇/၉၂(၆)

၁၅။ ပေါင်နှံချေးယူငွေရမ်းသူများနှင့် သက်ဆိုင်သောဥပဒေ ၁၉၉၃<br>
၄၈၆/၉၂(၁၁)

၁၆။ ချစ်သူအိမ်ထောင်ဖက်များဆိုင်ရာဥပဒေ ၁၉၉၃ (ဒုတိယအကြိမ်)<br>
၉/၉၃(၁)

၁၇။ အိမ်မြေတိုက်တာရှိသူများနှင့် သက်ဆိုင်သောပြဋ္ဌာန်းချက်များ ၁၉၉၃(ပထမအကြိမ်)<br>
၃၅၀/၉၃(၉)

၁၈။ အခွန်ဆောင်ကြရမည့်သူများနှင့် သက်ဆိုင်သော ပြဋ္ဌာန်းချက်များ ၁၉၉၄<br>
၅၂၇/၉၃(၁၂)

၁၉။ စာချုပ်အမျိုးမျိုးချုပ်ဆိုနေကြသူများနှင့် သက်ဆိုင်သော ပြဋ္ဌာန်းချက်များ ၁၉၉၄<br>
၃၁၃/၉၄(၆)

၂၀။ ကုန်သည်ပွဲစားလုပ်ကိုင်ကြမည့်သူများနှင့် သက်ဆိုင်သော ပြဋ္ဌာန်းချက်များ ၁၉၉၅<br>
၁၄၇/၉၅(၃)

၂၁။ ကိုယ်စားလှယ်လွှဲသူ၊ ကိုယ်စားလှယ် အလွှဲခံရသူများနှင့် သက်ဆိုင်သော ပြဋ္ဌာန်းချက်များ ၁၉၉၅ (ပထမအကြိမ်)<br>
၄၀၇/၉၅(၇)

၂၂။ အမွေဆက်ခံကြမည့်သူများနှင့် သက်ဆိုင်သော ပြဋ္ဌာန်းချက်များ ၁၉၉၅(ပထမအကြိမ်)<br>
၆၂၁/၉၅(၁၀)

၂၃။ စည်ပင်သာယာအများဆိုင်ရာကိစ္စများ ၁၉၉၆<br>
၆၅၁/၉၅(၁၀)

၂၄။ အမှုအခင်းဖြစ်လျှင် မိသားစုဝင် အတိုင်ပင်ခံရှေ့နေ ၁၉၉၆<br>
၃၅/၉၆(၁)

၂၅။ ဥပဒေဝေါဟာရပေါင်းချုပ် ၁၉၉၆<br>
၁၆၅/၉၁(၅)

၂၆။ ကုန်သွယ်မှုစာချုပ်အမျိုးမျိုး ချုပ်ဆိုကြသူများနှင့် သက်ဆိုင်သော ပြဋ္ဌာန်းချက်များ ၁၉၉၇ (ပထမအကြိမ်)<br>
၈၄၂/၉၆(၁၁)

၂၇။ အမျိုးသားရေးတွင် တာဝန်ကျေခဲ့သော တရားရုံးဆိုင်ရာ ဆုံးဖြတ်ချက်များ ၁၉၉၇<br>
၅၃၇/၉၇(၇)

၂၈။ စာချုပ်ချုပ်မည်ဆိုလျှင် ဆောင်ရန်နှင့်ရှောင်ရန်များ ၁၉၉၈<br>
၇/၉၈(၁)

၂၉။ စာချုပ်စာတမ်းရေးစွဲရှိမှတ်ပုံတင်ခြင်း ဆိုင်ရာကိစ္စများ ၁၉၉၈<br>
၃၇၂/၉၈(၆)

၃၀။ အမွေဆက်ခံကြမည့်သူများနှင့် သက်ဆိုင်သော ပြဋ္ဌာန်းချက်များ ၁၉၉၉(ဒုတိယအကြိမ်)<br>
၇၄၀/၉၈(၁၂)

၃၁။ အိမ်မြေတိုက်တာရှိသူများနှင့် သက်ဆိုင်သော ပြဋ္ဌာန်းချက်များ ၁၉၉၉(ဒုတိယအကြိမ်)<br>
၇၃/၉၉(၁)

၃၂။ ဥပဒေဗဟုသုတပြဿနာပုစ္ဆာများ ၁၉၉၉<br>
၈၈/၉၉(၂)

၃၃။ အမွေဆက်ခံခြင်းအက်ဥပဒေ ၁၉၉၉ (ဒုတိယအကြိမ်)<br>
**The Succession Act**<br>
၇၆/၉၉(၁)

၃၄။ စာချုပ်ချုပ်မည်ဆိုလျှင် ဆောင်ရန်နှင့်ရှောင်ရန်များ(ဒုတိယတွဲ) ၁၉၉၉<br>
၁၃၉/၉၉(၂)

၃၅။ စာချုပ်နှင့် ကျွန်ုပ်၏အမှုသည်များ ၁၉၉၉
၁၀၄/၉၉(၂)

၃၆။ အမှုအခင်းရှေ့နေနှင့် တရားခွင်ဟာသများ ၁၉၉၉
၉၅၄/၉၉(၁၀)

၃၇။ ဥပဒေအဓိပ္ပာယ်ဖွင့်ဆိုချက်များ ၂၀၀၀
**The Interpretation of Law**
၇၈၉/၉၉(၁၀)

၃၈။ မြန်မာအမျိုးသမီးများဆိုင်ရာ ၂၀၀၀
ဥပဒေအခွင့်အရေးဆွေးနွေးချက်များ
၇၆၈/၂၀၀၀(၉)

၃၉။ **Family Tree** ၂၀၀၀
ဆွေမျိုးဉာတကာမှတ်တမ်းလွှာ
ဆွေစဉ်မျိုးဆက်ပြဇယား
၇၃၂/၂၀၀၀(၉)

၄၀။ ဥပဒေသမား လက်စွဲစကား ၂၀၀၁
၈၈၇/၂၀၀၀(၁၀)

၄၁။ စီးပွားရေးလုပ်ငန်းရှင်လက်စွဲ – ၁ ၂၀၀၁
၅၈၆/၂၀၀၀(၇)

၄၂။ အိမ်ရှင်အိမ်ငှားအကြောင်း ၂၀၀၁
သိကောင်းစရာဆွေးနွေးချက်များ
၃၈၀/၂၀၀၁(၅)

၄၃။ ရောင်းသူဝယ်သူများနှင့် ၂၀၀၁(တတိယအကြိမ်)
သက်ဆိုင်သောဥပဒေ
၇၇၇/၂၀၀၁(၈)

၄၄။ ချစ်သူအိမ်ထောင်ဖက်များဆိုင်ရာဥပဒေ ၂၀၀၂
၁၁၆၁/၂၀၀၁(၁၁) (တတိယအကြိမ်)

၄၅။ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ၂၀၀၂
THE MYANMAR COMPANIES ACTS
(မူရင်းအင်္ဂလိပ်ဘာသာနှင့်အတူ မြန်မာဘာသာပြန်)
၇၉/၂၀၀၂(၁)

၄၆။ စီးပွားရေးလုပ်ငန်းရှင်လက်စွဲ (၂) ၂၀၀၂
၄၅/၂၀၀၂(၁)

၄၇။ ဥပဒေရေးရာဝေါဟာရအဘိဓာန် ၂၀၀၂
၅၁၃/၂၀၀၂(၆)

၄၈။ မြို့တော်ဥပဒေ ၂၀၀၂
၄၈၇/၂၀၀၂(၉)

၄၉။ ကုန်သွယ်မှုစာချုပ်အမျိုးမျိုး ၂၀၀၂(ဒုတိယအကြိမ်)
ချုပ်ဆိုကြသူများနှင့် သက်ဆိုင်သော
ပြဋ္ဌာန်းချက်များ
၇၆၂/၂၀၀၂(၈)

၅၀။ အင်္ဂလိပ်ဘာသာဖြင့် စာချုပ်ရေးနည်းနမူနာများ
၉၃၁/၂၀၀၂(၁၀) ၂၀၀၃

၅၁။ **The Myanmar Copyright Act** ၂၀၀၃
မြန်မာနိုင်ငံမူပိုင်ခွင့်အက်ဥပဒေ
(မူရင်းအင်္ဂလိပ်ဘာသာနှင့်အတူ မြန်မာဘာသာပြန်)
၂၀၄/၂၀၀၃(၃)

၅၂။ လက်ဝယ်ရှိခြင်း ၂၀၀၃
၃၅၃/၂၀၀၃(၄)

၅၃။ စက်ရုံအလုပ်ရုံများ၊ ဆိုင်များ၊ အလုပ် ၂၀၀၃
ဌာနများနှင့် အလုပ်သမားဥပဒေများ
အကြောင်းသိကောင်းစရာ
၃၂၉/၂၀၀၃(၄)

၅၄။ ကိုယ်စားလှယ်လွှဲသူ၊ ကိုယ်စားလှယ် ၂၀၀၃
လွှဲအပ်ခြင်းခံရသူများနှင့်သက်ဆိုင်သော (ဒုတိယအကြိမ်)
ပြဋ္ဌာန်းချက်များ
၃၄၂/၂၀၀၃(၄)

၅၅။ ပြန်လှန်စစ်မေးခြင်းပညာ ၂၀၀၃(ဒုတိယအကြိမ်)
၇၁၂/၂၀၀၃(၇)

၅၆။ အတိုင်ပင်ခံရှေ့နေ–၂ ၂၀၀၃
၇၂၅/၂၀၀၃(၈)

၅၇။ သမားစဉ်စစ်မေးနည်းပရိယာယ်ရက်ရှယ်နည်း
တရားခွင်ပညာ ၊၀၀၃
၈၈၁/၂၀၀၃ (၈)

၈၂။ အသုံးချဥပဒေဝေါဟာရများ ၂၀၀၇
(အင်္ဂလိပ်+မြန်မာ)
၄၀၀၁၅၆၀၂၀၇

၈၃။ အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု ၂၀၀၇
၄၀၀၂၃၄၀၂၀၇

၈၄။ အမွေဆက်ခံပိုင်ခွင့်လက်မှတ်
လျှောက်ထားမှု ၂၀၀၇
Succession Certificates
၄၀၀၂၃၅၀၂၀၇

၈၅။ စာချုပ်စာတမ်း ရေးစွဲရှိမှတ်ပုံတင်ရေး
အက်ဥပဒေ ၂၀၀၇
The Registration Act
(အင်္ဂလိပ်+မြန်မာ)
၄၀၀၂၈၂၀၃၀၇

ယခုစာအုပ်

၈၆။ တရားစွဲဆိုရန် ခွင့်ပြုမိန့် ၂၀၀၇
Sanction

# တရားစွဲဆိုရန် ခွင့်ပြုမိန့်
# (Sanction)

## ဦးကျော်ဝေယျ

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | တရားစွဲဆိုခွင့်အမိန့် | ၁ |
| ၂ | ဥပဒေပြဋ္ဌာန်းချက်များ | ၅ |
| ၃ | စီရင်ထုံးများ | |
| | - ၁၉၇၅ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး(ရုံးချုပ်)၇၂ | ၃၇ |
| | - ၁၉၇၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး(ရုံးချုပ်)၁၃၈ | ၄၃ |


# အခန်း(၁)

## တရားစွဲဆိုခွင့်အမိန့်

ပြဋ္ဌာန်းဥပဒေအရ တရားစွဲဆိုခွင့်ပါရမည့် အမှုတွင် တရားစွဲဆိုခွင့်အမိန့် (Sanction) မပါမဖြစ် ပါရှိမြဲဖြစ်သည်။

တရားစွဲခွင့်အမိန့်ရပြီးမှ စွဲဆိုရမည့်အမှုတွင် တရားစွဲခွင့်အမိန့် မပါရှိပါက အမှုပျက်သည်။

*(ပထစနှင့်စံတင်၊ ၁၉၄၈၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၃၃၉)*

*(မောင်ချစ်ပိုနှင့် ပထစ၊ ၁၉၅၅၊ လွှတ်တော်၊ ၁၉၅)*

တရားစွဲဆိုခွင့်အမိန့် တောင်းခံရန် လိုအပ်သည့် အမှုများနှင့် ပတ်သက်၍ နှစ်မျိုးနှစ်စား ခွဲခြားနိုင်သည်။

၁။ ဥပဒေ ပြဋ္ဌာန်းချက်အရ တရားစွဲဆိုခွင့်အမိန့် တောင်းရန် လိုအပ်သည့်အမှုတွင် တရားစွဲခွင့်အမိန့် ပါရှိရပါမည်။

၂။ နောက်တစ်မျိုးမှာ ပုဂ္ဂိုလ်အရ တရားစွဲခွင့်အမိန့် တောင်းခံရမည့် အမှုမျိုး ဖြစ်သည်။ လူပုဂ္ဂိုလ်နှင့် ဆိုင်သည်ဟု ဆိုရပါမည်။

ဥပဒေ ပြဋ္ဌာန်းချက်အရ တရားစွဲဆိုခွင့်အမိန့် တောင်းခံရန် လိုအပ်သည့်အမှုမျိုးနှင့် ပတ်သက်၍မူ သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်နှင့်ဆိုင်သည်။

အများနှင့်ဆိုင်သည့်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ နှင့် တရားစွဲမည်ဆိုပါက တရားစွဲခွင့် အမိန့် လိုအပ်သည်။ အဆိုပါဥပဒေတွင် အတိအလင်း ဖော်ပြထားသည်။ **(ပုဒ်မ ၄)**

ထိုပုဒ်မဖြင့် တရားစွဲခွင့်ရလျှင် တရားခံသည် ဝန်ထမ်း ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ တရားစွဲခွင့်အမိန့် တောင်းခံရန် လိုအပ်ပါသည်။

အဂတိလိုက်စားမှု တားမြစ်ရေး အက်ဥပဒေပုဒ်မ ၆၊ လက်နက်ဥပဒေပုဒ်မ ၂၉၊ ၁၉၅၄ ခုနှစ် ကင်းလွတ်ချမ်းသာခွင့်နှင့် တည်မြဲရေးဥပဒေပုဒ်မ ၄(၂)၊ ၁၉၆၄ ခုနှစ်၊ စာကြည့်တိုက်၊ ပြတိုက်နှင့် ပြပွဲများ ကြီးကြပ်အုပ်ချုပ်ရေး ဥပဒေပုဒ်မ ၁၉ စသည့် ဥပဒေပုဒ်မများနှင့် တရားစွဲမည်



ဆိုပါက တရားစွဲခွင့်အမိန့် တောင်းခံရမည်ဟု အတိအလင်း ပြဋ္ဌာန်းထားသည်။

*(တရားရုံးများလက်စွဲအပိုဒ် ၄၁၅)*

ဆက်လက်၍ လူပုဂ္ဂိုလ်နှင့်ဆိုင်သော တရားစွဲခွင့် အမိန့်အကြောင်း တင်ပြလိုသည်။

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၇(၁) ၏ ရည်ရွယ်ချက်ဖြစ်သည့် တရားသူကြီးများနှင့် ပြည်သူ့ဝန်ထမ်းများကို အကြောင်းမဲ့ စွပ်စွဲခံရမည့် အန္တရာယ်မှ အကာအကွယ်ပြုနိုင်ရန် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

ဝန်ထမ်းများအပေါ် တရားစွဲဆိုခြင်းမပြုမီ သက်ဆိုင်ရာ ဝန်ကြီးဌာနက အလေးအနက် ချိန်ဆနိုင်ရန်ဖြစ်သည်။

တရားရုံးများသည် ညွှန်ကြားလွှာအမှတ်-၁၁၊ (၁၉၇၈ ခုနှစ်၊ ဇူလိုင်လ ၂) (၁၉၇၀ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ အထွေထွေကဏ္ဍ၊ စာမျက်နှာ ၁၆) မှာ အပြည့်အစုံ ညွှန်ကြားထားသည်။

တာဝန်အရ ဆောင်ရွက်နေချိန်အတွင်း ဖြစ်ပေါ်သည့် ကိစ္စရပ်အတွက် တရားစွဲဆိုမည်ဆိုလျှင် တရားစွဲဆိုခွင့် အမိန့် တောင်းခံရမည်ဖြစ်သည်။

တာဝန်ဆောင်ရွက်နေချိန် ဖြစ်ပေါ်သည့်ကိစ္စ မဟုတ်ပါက တရားစွဲဆိုခွင့်အမိန့် တောင်းရန်မလိုပေ။

*(ဦးကျော်ညွန့်နှင့် ပထစ၊ ၁၉၆၆၊ မတစ၊ ၄၉၆)*
*(တရားရုံးညွှန်ကြားလွှာအမှတ်-၁၈/၆၄၊ ၁၁/၇၀)*

ဝန်ထမ်းတစ်ယောက်သည် အလုပ်တာဝန်ဝတ္တရားကြောင့် ပေါ်ပေါက်လာသည့်ကိစ္စဖြင့် တရားစွဲခံရလျှင် တရားစွဲခွင့်အမိန့် တောင်းခံရန်လိုသည်။

# အခန်း(၂)

## ဥပဒေပါ ပြဋ္ဌာန်းချက်များ

ပြည်သူ့ဝန်ထမ်းများသည် တာဝန်အရ ဝတ္တရားထမ်းဆောင်ခိုက် ကာလအတွင်း ပြစ်မှုတစ်ခုကိုကျူးလွန်ပါက အဆိုပါ ပြည်သူ့ဝန်ထမ်းကို တရားစွဲဆိုနိုင်ရန် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၇(၁)အရ တရားစွဲဆိုရန် ခွင့်ပြုမိန့်ရယူရန် လိုအပ်ပေသည်။ တရားစွဲဆိုရန်ခွင့်ပြုမိန့်နှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၇(၁)၊ ၁၃၂၊ ၁၉၆၊ ၁၉၆(က)၊ ၃၃၉(၃) တို့တွင် ပြဋ္ဌာန်းထားသည်။

### ပြစ်မှုကျင့်ထုံးပုဒ်မ ၁၃၂

နိုင်ငံတော်သမ္မတ၏ အခွင့်အမိန့်မရှိဘဲ ဤအခန်းအရ ဆောင်ရွက်ရာရောက်သော မည်သည့် လုပ်ဆောင်ချက်အတွက်မဆို မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ရာဇဝတ်တရားရုံးတစ်ရုံးတွင် တရားစွဲဆိုခွင့် မရှိစေရ။ ထို့ပြင် -

(က) ဤအခန်းအရ သဘောရိုးနှင့် ဆောင်ရွက်သည့် ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ရဲအရာရှိ၊

(ခ) ပုဒ်မ ၁၃၁ အရ သဘောရိုးနှင့် ဆောင်ရွက်သည့် တပ်မတော်အရာရှိ၊

(ဂ) ပုဒ်မ ၁၂၈ အရဖြစ်စေ၊ ပုဒ်မ ၁၃၀ အရဖြစ်စေ ဆိုခဲ့သည့်အမိန့်နှင့်အညီ သဘောရိုးနှင့် လုပ်ဆောင်ခဲ့သူ၊

(ဃ) လိုက်နာရန်တာဝန်ရှိသည့် အမိန့် တစ်စုံတစ်ရာကို လိုက်နာ၍ လုပ်ဆောင်ခဲ့သည့် လက်အောက်အရာရှိ၊ သို့မဟုတ် တပ်မတော်သား သို့မဟုတ် စေတနာ့ဝန်ထမ်း တစ်ဦးတစ်ယောက်

မည်သူ့ကိုမျှ ဆိုခဲ့သည့်အတိုင်း ဆောင်ရွက်သည့် ပြစ်မှုအတွက် ပြစ်မှုကျူးလွန်သည်ဟု မမှတ်ယူစေရ။

**စီရင်ထုံး**

ပုဒ်မ ၁၃၂ အရ ပြစ်မှုကြောင်းအရ စွဲဆိုခြင်းမှ ကင်းလွတ်ခွင့် ရလိုသောသူသည် အခန်း ၉ (ကျင့်ထုံးဥပဒေ) တွင် ဖော်ပြထားသည့်အလုပ်ကို လုပ်ကိုင်ရန် လိုအပ်သည်။ ပုဒ်မ ၁၉၇ (၁) အရ တရားရုံးက ပြစ်မှုကြောင်းအရ အရေးမယူစေလိုသောသူသည် အခန်း ၉ တွင် ဖော်ပြထားသည့် တာဝန်ကို ဆောင်ရွက်စဉ် ပြစ်မှုကျူးလွန်ကြောင်း ဖော်ပြရန်လိုသည်။

*(မောင်ထွန်းလွယ်အမှု)၁၉၆၁၊မတစ ၃၆၁(လွှတ်တော်)*



## ပြစ်မှုကျင့်ထုံးပုဒ်မ ၁၉၆

(ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၇၊ ပုဒ်မ ၁၇၁ စ၊ သူတစ်ပါးအယောင်ဆောင်မှုနှင့် စပ်လျဉ်းသမျှနှင့် ပုဒ်မ ၁၇၁ ည) တို့မှအပ ၎င်းဥပဒေ အခန်း ၆၊ သို့မဟုတ် ၆ ခ၊ သို့မဟုတ် ၉ က၊ သို့မဟုတ် ပုဒ်မ ၁၀၈ က၊ သို့မဟုတ် ပုဒ်မ ၁၅၃ က၊ သို့မဟုတ် ၂၉၄ က အရ ပြစ်ဒဏ် စီရင်ထိုက်သော ပြစ်မှုတစ်စုံတစ်ရာကို နိုင်ငံတော်သမ္မတ၏ အမိန့်အရဖြစ်စေ၊ ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက အာဏာအပ်နှင်းထားသော အရာရှိကဖြစ်စေ၊ တိုင်တန်းချက် မပြုဘဲ မည်သည့်တရားရုံးကမျှ အရေးမယူရ။

## ပြစ်မှုမကင်းသော ပူးပေါင်းကြံစည်မှုတစ်ချို့အတွက် တရားစွဲဆိုခြင်း။

၁၉၆။ က။ မည်သည့်တရားရုံးကမျှ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၂၀ အရ ပြစ်ဒဏ်စီရင်ထိုက်သည့် ပြစ်မှုမကင်းသော ပူးပေါင်းကြံစည်မှုကို အောက်ပါအချက်များ၌ အရေးမယူရ။

(၁) ပူးပေါင်းကြံစည်ခြင်း၏ ရည်ရွယ်ချက်မှာ ပြစ်မှုမှတစ်ပါး ဥပဒေနှင့်မညီသော ပြုလုပ်မှုတစ်ရပ်ကိုဖြစ်စေ၊ ဥပဒေနှင့်ညီသော ပြုလုပ်မှုတစ်ရပ်ကို ဥပဒေနှင့်မညီသော နည်းလမ်းများဖြင့် ပြုလုပ်မှုတစ်ရပ်ကိုဖြစ်စေ၊ ပုဒ်မ ၁၉၆ ပါ ပြဋ္ဌာန်းချက်နှင့် သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ကိုဖြစ်စေ ကျူးလွန်ရန်ဖြစ်လျှင် နိုင်ငံတော်သမ္မတ၏ အမိန့်အရ

ဖြစ်စေ၊ နိုင်ငံတော်သမ္မတ၏ အခွင့်အမိန့်အရ ဖြစ်စေ၊ ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက အာဏာအပ်နှင်းထားသည့် အရာရှိတစ်ဦးတစ်ယောက်ကဖြစ်စေ ပြုလုပ်တိုင်တန်းချက်မရှိသည့်အမှု၊ သို့မဟုတ်

(၂) ပူးပေါင်းကြံစည်ခြင်း၏ ရည်ရွယ်ချက်မှာ ရဲအရေးယူပိုင်ခွင့်မရှိသော ပြစ်မှုတစ်စုံတစ်ရာကို၊ သို့မဟုတ် သေဒဏ်တစ်ကျွန်းပို့ဒဏ်၊ သို့မဟုတ် နှစ်နှစ်နှင့်အထက် အလုပ်နှင့်ထောင်ဒဏ် မချမှတ်ထိုက်သော ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုကို ကျူးလွန်ရန်ဖြစ်လျှင် နိုင်ငံတော်သမ္မတ၏ သို့မဟုတ် နိုင်ငံတော်သမ္မတက ဤကိစ္စအလို့ငှာ အာဏာအပ်နှင်းထားသော ခရိုင် ရာဇဝတ်တရားသူကြီးတစ်ဦး၏ မှုခင်း စတင်ဆောင်ရွက်ခြင်းကို သဘောတူကြောင်း အမိန့်စာ မပါရှိသောအမှု။

သို့ရာတွင် ပုဒ်မ ၁၉၅ ပုဒ်မခွဲ (၄) ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သည့် ပြစ်မှုမကင်းသော ပူးပေါင်းကြံစည်မှုမျိုးဖြစ်လျှင် အဆိုပါ သဘောတူညီချက်ရှိရန် လိုအပ်ခြင်းမရှိ။

**ရှင်းချက်**

**အစိုးရကို ဆန့်ကျင်သည့် ပြစ်မှုများ စစ်ဆေးခြင်း။**

မည်သည့်ရုံးမဆို ရွေးကောက်ပွဲများ၌ လူစားထိုးခြင်းမှအပ ကျန် လူစားထိုးသောကိစ္စများ၊ အယောင်ဆောင်



ကိစ္စများအပါအဝင် ရာဇသတ်ကြီးပုဒ်မ ၁၈၈(က)၊ ၂၉၄ (က) များဖြစ်သော အစိုးရကို ဆန့်ကျင်သော ပြစ်မှုများအတွက် တရားစွဲသည့်အခါ အစိုးရ၏ အမိန့်မရှိဘဲ တရားစွဲဆိုသော အမှုများကို လက်ခံစစ်ဆေးခြင်းမပြုရ။

**၁၉၆ က၊ ပူးပေါင်းကြံစည်မှုကို စစ်ဆေးခြင်း။**

ရာဇသတ်ကြီးပုဒ်မ ၁၂၀-ခ အရ ပူးပေါင်းကြံစည်မှုအတွက် တရားစွဲသော အမှုကို အစိုးရက တရားစွဲရန် သဘောတူချက်မပါလျှင် လက်ခံစစ်ဆေးခြင်း မပြုရ။

**စီရင်ထုံး**

(၁) စာမျက်နှာ ၃၅၆၊ ပီ၊အာ၊ မဂ္ဂန်းဒါပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (ဦးကိုကိုလေး)။

**နိုင်ငံတော် တရားရုံးချုပ်**

**ရာဇဝတ် ပြင်ဆင်မှု**

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် ရှေ့တွင်

ပီ၊ အာ(ရ်) မဂ္ဂန်ဒါးပါ ၂ (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (ဦးကိုကိုလေး)

(ပြင်ဆင်ရန်လျှောက်ထားခံရသူ)

၁၉၆၆ ခု၊ မတ်လ ၁၈ ရက်။

**ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၉၅ (၁)(ဂ) ။ရာဇဝတ်မှုကို ဆက်လက်စစ်ဆေးရန် ဖြစ်မဖြစ်။ နစ်နာသူက တရားမရုံးသို့ အမှုဖွင့်လှစ်ဖို့ တင်ပြရန်။**

**ဆုံးဖြတ်ချက် ။** ။ အားလုံးကို ခြုံ၍ကြည့်လျှင် ရာဇဝတ်မှုကို ဆက်လက် စစ်ဆေးခြင်းဖြင့် အမှုများသာ ရှုပ်ထွေးကြန့်ကြာဖွယ်ရာရှိသည်။ အကယ်၍ ရာဇဝတ်မှု ဖွင့်လှစ်လောက်သောအချက်များ အမှန်တကယ်ရှိနေလျှင် တရားမမှုကို စစ်ဆေးနေသောရုံးသို့ နစ်နာသူက တင်ပြ၍ ရုံးက သင့်တော်သောအချိန်၌ အမှုဖွင့်လှစ်ရန် အရေးယူဖို့ဖြစ်သည်။ ယခုအချိန်၌ အမှုသည်တစ်ဦးက အမှုဖွင့်လှစ်ခြင်းအားဖြင့် မူလ အမှုလည်းကြန့်ကြာမည်။ ရုံးက ထိန်းရသည့် အာဏာသည်လည်း ပျက်ပြယ်မည်။ စစ်ဆေးလျက်ရှိသော ရာဇဝတ်ကြောင်းဖြင့် အရေးယူရန် အခြေခံ အခိုင်အမာရှိလျှင် ယူနိုင်ခြင်းကို ပိတ်ပင်ခြင်းမရှိ။ ၎င်းက တရားစွဲဆိုပိုင်ခွင့်ကို ဖျက်သိမ်းရာ မရောက်ချေ။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ဦးသန်းအေး။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ဒေါက်တာဗတင်။

ရုံးတော်သဟာယအတွက်။ အစိုးရရှေ့နေကြီး ဦးဘကြိုင်။

**တရားသူကြီးချုပ် ဒေါက်တာမောင်မောင်။** ။ လျှောက်ထားခံရသူ ဦးကိုကိုလေးက လျှောက်ထားသူနှစ်ဦးသည် စာချုပ်အတုများကို အခြေခံပြု၍ မိမိအပေါ် ငွေများရလိုမှုဖြင့် ရန်ကုန်မြို့ တရားမရုံးတွင် တရားစွဲ



ဆိုထားပါသည်ဟု ခရိုင်ရာဇဝတ် တရားသူကြီးရုံးတွင် ဦးတိုက် လျှောက်ထား စွဲဆိုခဲ့သည်။ ပညာရှိ ခရိုင်ရာဇဝတ်တရားသူကြီးက တိုင်ကြားချက်ကို နဝမရာဘက်ရာဇဝတ် တရားသူကြီးထံ လွှဲပြောင်းပေးပို့သဖြင့် ထိုရုံးက လျှောက်ထားသူများအပေါ် ဆက်လက်အရေးယူ စစ်ဆေးလျက်ရှိသည်။ ဦးကိုကိုလေးက တိုင်ချက်တွင် လျှောက်ထားသူများသည် ခိုးမှုကိုလည်းကောင်း၊ စာချုပ်စာတမ်းများကို လိမ်လည်အတု ပြုလုပ်မှုဖြင့် လည်းကောင်း ပူးပေါင်းကျူးလွန်ခဲ့ကြပါသည်ဟု ဆိုသည်။

လျှောက်ထားသူတို့က ထိုသို့တိုင်တန်းစွဲဆိုခြင်း ခံနေရသည်ကို ခရိုင်ရာဇဝတ်တရားသူကြီးရုံးသို့ သွားရောက်ကာ ပြင်ဆင်ပေးပါရန် လျှောက်ထားခဲ့ကြသည်။ ၎င်းတို့အဆိုမှာ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၉၅ (၁) (ဂ) ပါ တင်သွင်းသော စာရွက်စာတမ်းတို့ကို လိမ်လည်ပြုလုပ်ခဲ့သည်ဟု စွပ်စွဲအရေးယူရန် အလို့ငှာ အမှုကိုစစ်ဆေးနေသောရုံးက စာဖြင့် ရေးသား၍ တိုင်ကြားရပါမည်ဟု ပြဌာန်းပါရှိပါသည်။ ဦးကိုကိုလေးနှင့် ယခုလျှောက်ထားသူတို့သည် တရားမရုံးရှေ့မှောက်သို့ ရောက်နေကြသူများဖြစ်ပါသည်။ စာချုပ်လိမ်လည်ပါသည်ဟု စွဲဆိုခြင်းမှာလည်း ရုံးရှေ့ရောက် စာချုပ်စာတမ်းများနှင့် ပတ်သက်ပါသည်။ ထို့ကြောင့် အမှုဖွင့်လှစ်လျှင် ရုံးကသာဖွင့်ရန် ဖြစ်ပါသည်။ ဦးကိုကိုလေးက ကိုယ်တိုင် ဦးတိုက်လျှောက်ထားခြင်းဖြင့် မဖွင့်လှစ်နိုင်ပါဟု လျှောက်ထားသူတို့က ဆိုကြသည်။

ဦးကိုကိုလေးသည် တက္ကသိုလ် ရုပ်ရှင်ထုတ်လုပ်ရေး ကုမ္ပဏီကို ပိုင်ဆိုင်၍ လျှောက်ထားသူ မဇ္ဇန်ဒါးသည် ရုပ်ရှင်ကန်ထရိုက်တာ ဖြစ်သည်။ "ကျွန်တော် ကျွန်မတို့ အရွယ်" ခေါ် ရုပ်ရှင်ကားကို ၎င်းက ငှားရမ်းရာမှ ယခု လျှောက်ထားသူများနှင့် လျှောက်ထားသူ ဦးကိုကိုလေးတို့ အချင်းဖြစ်ပွားခဲ့ကြသည်။ ရုပ်ရှင်ကုမ္ပဏီ၏ရုံးကို အချင်း ဖြစ်ပွားသောကြောင့် အခြားသို့ ပြောင်းရွှေ့သွားရာ အခန်း ဟောင်း၌ ကုမ္ပဏီ၏ အမည်ပါရှိသော စာရေးစက္ကူများ၊ တံဆိပ်တုံး၊ စားပွဲ ကုလားထိုင်များ ကျန်ရစ်ခဲ့သည်ဟု ဆိုသည်။ လျှောက်ထားသူတို့က ဦးကိုကိုလေးအပေါ် တရားမရုံးတွင် ငွေများရလိုမှု စွဲဆိုကြသည်။ ဦးကိုကိုလေး က ရာဇဝတ်ကြောင်းနှင့် တိုင်တန်းရာတွင် ထိုတရားမမှုကို အခြေခံသော စာရွက်စာတမ်းများသည် လျှောက်ထားသူ တို့က ကုမ္ပဏီ၏အခန်းဟောင်းမှ စာရေးစက္ကူ တံဆိပ်တုံး စသည်တို့ကို ခိုးယူ၍ အတုပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် လျှောက်ထားသူတို့သည် ခိုးမှု၊ စာချုပ်လိမ်လည် အတုပြုလုပ်မှု စသည်တို့ကို ပူးပေါင်းကျူးလွန်ခဲ့ကြပါသည် ဟု စွပ်စွဲခြင်း ဖြစ်သည်။

ပညာရှိ ခရိုင်ရာဇဝတ် တရားသူကြီးသည် နှစ်ဦး နှစ်ဖက်သော ရှေ့နေကြီးများကို အကျယ်တဝင့် ကြားနာ ခဲ့ပြီးနောက် လျှောက်ထားသူတို့အပေါ် စွဲဆိုထားသော ရာဇဝတ်မှုကို ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၉၅ (၁) (ဂ) က ပိတ်ပင်ထားခြင်းရှိသည်။ ရုံး၏ ခွင့်ပြုချက်မရဘဲ ထို ရာဇဝတ်မှုကို ဆက်လက်စစ်ဆေးရန်မဖြစ်နိုင်။ သို့ရာတွင်



ခိုးမှုကား ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၉၅ (၁) (ဂ) နှင့် အကျုံးမဝင်။ ထို့ကြောင့် လျှောက်ထားသူတို့အပေါ် ခိုးမှု ဖြင့်သာ ဆက်လက်စစ်ဆေးသင့်ပါသည်။ ထိုသို့ ပြင်ဆင် အမိန့် ချမှတ်ပေးပါရန် ပညာရှိ ခရိုင်ရာဇဝတ် တရား သူကြီးက ဤရုံးသို့ ထောက်ခံပေးပို့သည်။

လျှောက်ထားသူတို့၏ ပညာရှိရှေ့နေကြီး ဦးသန်းအေး က ခိုးမှုဖြင့် လျှောက်ထားသူတို့အပေါ် ဆက်လက်စစ်ဆေး အရေးယူလျှင် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၉၅ (၁)(ဂ) ၏ အနှစ်သာရသည် ပျက်ပြယ်ရပါမည်။ ခိုးသည်ဆိုသည်မှာ အဖိုးတန် ပစ္စည်းကိုသာ ခိုးသည်မဟုတ်၊ စာရေးစက္ကူ တံဆိပ်တုံးတို့ကိုခိုး၍ စာချုပ် လိမ်လည်ပြုလုပ်သည်ဟု စွပ်စွဲခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ခိုးခြင်းနှင့် စာချုပ် လိမ်လည်ပြုလုပ်ခြင်းတို့သည် ခွဲ၍မရအောင် ဆက်စပ် လျက်ရှိပါသည်။ ထို့ကြောင့် ပညာရှိ ခရိုင်ရာဇဝတ် တရား သူကြီး၏ ထောက်ခံချက်ကို လက်ခံသည့်အပြင် ခိုးမှုနှင့် ပတ်သက်၍လည်း အမှုဆက်လက်ဆောင်ရွက်ခြင်းမပြုရန် အမိန့်ချမှတ်သင့်ပါသည်ဟု စီရင်ထုံးများကို ကိုးကား လျှောက်လဲသည်။

ပညာရှိရှေ့နေကြီး ဒေါက်တာဗတင်က လျှောက်ထား သူ နှစ်ဦးအနက် မဇ္ဇန်းဒါး တစ်ဦးသာလျှင် ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၁၉၅ (၁) (ဂ) တွင် ပြဋ္ဌာန်းပါရှိသော အမှုသည်၏ အဓိပ္ပာယ်တွင် အကျုံးဝင်ပါသည်။ ဦးလှဦးနှင့် မဆိုင်ပါ။ အကယ်၍ ထိုပုဒ်မသည် ဤအမှုနှင့် ပတ်သက်

စေဦး ဦးလှဦးကို ခိုးမှု ဆက်လက်အရေးယူနိုင်ပါသည်ဟု လျှောက်လဲသည်။ ထို့ပြင် တရားမျှတမှု ဖြစ်စေသောငှာ အမှုကို ဆက်လက်၍ စစ်ဆေးသင့်ပါသည်။ တရားမရုံးသို့ မရောက်မီ ယခင်က စာချုပ်လိမ်လည်ပြုလုပ်ခဲ့ခြင်းဖြစ်၍ အမှုသည် ပုဒ်မ ၁၉၅ (၁)(ဂ) ၏ ညွှန်ပြချက်အတွင်းသို့ မကျရောက်ပါဟုလည်း လျှောက်လဲသည်။ သို့ရာတွင် ရှေ့နေကြီး ဒေါက်တာဗတင်က ရိုးသားစွာပင် မြန်မာပြည် စီရင်ထုံးအချို့ကို ၎င်းလျှောက်လဲချက်ကို အထောက်အကူ မပြုဟု ညွှန်ပြသည်။

ပညာရှိ အစိုးရရှေ့နေကြီး ဦးဘကြိုင်က ရုံးရှေ့သို့ ရောက်သည့် အမှုတစ်မှုတွင် အမှုသည်များသည် တစ်ဦးကို တစ်ဦး စာချုပ်လိမ်လည်ပြုသည် ဟုသည်ဖြင့် စွပ်စွဲကာ ရာဇဝတ်မှုများ ဖွင့်လှစ်ကြခြင်း စသည်တို့ပြုလုပ်လျှင် မူလမှုသည် ကြန့်ကြာ၍ ဆုံးခန်းတိုင်အောင် မရောက်နိုင် မည်ကို ကာကွယ်သည့်သဘောဖြင့် ပုဒ်မ ၁၉၅ (၁) (ဂ) ကို ပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။ ယခုအမှုသည် ပုဒ်မ ၁၉၅ (၁)(ဂ) ၏ ပညတ်ချက် အတွင်းသို့ ကျရောက် သည်ဟု မြင်ပါသည်။ ခိုးမှုသည်လည်း စာချုပ် လိမ်လည် ပြုလုပ်မှုနှင့် ဆက်စပ်နေသဖြင့် ပညတ်ချက်တွင်ပါသည်ဟု ယူဆသင့်ပါသည်ဟု တင်ပြသည်။

ထို့ကြောင့် အားလုံးကို ခြုံ၍ကြည့်လျှင် ရာဇဝတ်မှုကို ဆက်လက် စစ်ဆေးခြင်းဖြင့် အမှုများသာ ရှုပ်ထွေး ကြန့်ကြာဖွယ်ရာရှိသည်။ အကယ်၍ ရာဇဝတ်မှု ဖွင့်လှစ်



လောက်သော အချက်များ အမှန်တကယ် ရှိနေလျှင် တရားမမှုကို စစ်ဆေးနေသောရုံးသို့ နစ်နာသူကတင်ပြ၍ ရုံးကသင့်တော်သောအချိန်၌ အမှုဖွင့်လှစ်ရန် အရေးယူဖို့ ဖြစ်သည်။ ယခုအချိန်၌ အမှုသည်တစ်ဦးက အမှုဖွင့်လှစ် ခြင်းအားဖြင့် မူလမှုလည်း ကြန့်ကြာမည်။ ရုံးက ထိန်းရ သည့် အာဏာသည်လည်း ပျက်ပြယ်မည်။ ယခုစစ်ဆေး လျက်ရှိသော ရာဇဝတ်မှုကို ပယ်ဖျက်ခြင်းဖြင့် နောင်တွင် ဦးကိုကိုလေး၌ ရာဇဝတ်ကြောင်းဖြင့် အရေးယူရန် အခြေခံအခိုင်အမာရှိလျှင် ယူနိုင်ခြင်းကို ပိတ်ပင်ခြင်းမရှိ၊ ၎င်းက တရားစွဲဆိုပိုင်ခွင့်ကို ဖျက်သိမ်းရန် မရောက်ချေ။

ထို့ကြောင့် ပညာရှိ ခရိုင်ရာဇဝတ်တရားသူကြီး၏ ထောက်ခံချက်ကို လက်ခံသည်။ စာချုပ်လိမ်လည်မှုနှင့် ခိုးမှုသည် ခွဲ၍မရအောင် ဆက်စပ်နေသဖြင့် ထိုအမှု ကိုလည်း ဆက်လက်စစ်ဆေးရန်မသင့်ပေ။ ဦးကိုကိုလေး ကို ဆက်လက် အရေးယူလိုလျှင် အချိန်ကြာသောအခါ တရားရုံးအား အမှုဖွင့်ပေးရန် လျှောက်ထားရန်ဖြစ်သည်။ ထို့ကြောင့် ရန်ကုန်မြို့ နဝမ ရာဘက် ရာဇဝတ်တရား သူကြီး၏ ရှေ့မှောက်ရှိ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်မှုကြီး အမှတ် ၃၅၇ ကို ပယ်ဖျက်လိုက်သည်။

(၂) အစိုးရက တရားခံများအား ပုဒ်မ ၁၂၀ (က) အရ တရားစွဲဆိုရန် ညွှန်ကြားရာတွင် ပြစ်မှုတစ်ရပ်ကိုသာ ရည်ညွှန်းဖော်ပြသည်။ တရားရုံးသည် တရားခံတို့အား ပုဒ်မ ၁၂၄ (က) အရ အပြစ်မပေးနိုင်။

*[ (ဦးဉာဏ်ငြိမ်းအမှု) ရန်ကုန် အတွဲ ၄၊ စာ ၁၃၁ ]*

(၃) တရားစွဲဆိုခွင့်အမိန့်ကို နိုင်ငံတော်သမ္မတအမည်ဖြင့် ထုတ်ပြန်ရာတွင် အတွင်းဝန်၊ တွဲဖက်အတွင်းဝန် သို့မဟုတ် ဒုတိယအတွင်းဝန် သို့မဟုတ် အတွင်းဝန်ကလေးက လက်မှတ်ရေးထိုးနိုင်သည်။

*[ (ဘာသူအမှု) ၁၉၅၂၊ မတစ ၈၃ (လွှတ်တော်) ]*

(၄) ပုဒ်မ ၁၂၁ အရ တရားစွဲဆိုရာတွင် ပုဒ်မ ၁၉၆ အရ လိုအပ်သည့် တရားစွဲဆိုခွင့်အမိန့်ကို သက်သေခံဥပဒေ ပုဒ်မ ၇၈ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း တိတိကျကျ သက်သေထင်ရှားပြရမည်။ အမိန့်ပါ တရားခံသည် မည်သူ မည်ဝါ ဖြစ်ကြောင်း တင်ပြရမည်။

*[ (အောင်ဒိုး အမှု) အက်စ်ဂျေအယ်လ်တီ ၃၈၉ ]*

**အမှုအချို့တွင် ပဏာမစုံစမ်းစစ်ဆေးခြင်း**

၁၉၆ ခ။ ပုဒ်မ ၁၉၆၊ သို့မဟုတ် ၁၉၆ က ပါ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သည့် ပြစ်မှု တစ်စုံတစ်ရာ တွင် ခရိုင်ရာဇဝတ်တရားသူကြီးတစ်ဦးသည် ထိုပုဒ်မများ၌ ဖြစ်စေ၊ ဤကျင့်ထုံးဥပဒေ၏ အခြားနေရာတွင်ဖြစ်စေ မည်သို့ပါရှိစေကာမူ ရဲအင်စပိတ်တော်အောက် အဆင့် မနိမ့်သော ရဲအရာရှိတစ်ဦးကို ပဏာမစုံစမ်းထောက်လှမ်း ခြင်းပြုလုပ်ရန် အမိန့်ထုတ်နိုင်သည်။ ထိုအခါ အဆိုပါ ရဲအရာရှိသည် ပုဒ်မ ၁၅၅ ၏ ပုဒ်မခွဲ (၃)တွင် ရည်ညွှန်း ထားသော အာဏာများကို ရရှိစေရမည်။



**တရားသူကြီးများနှင့် ပြည်သူ့ဝန်ထမ်းများကို တရားစွဲဆိုခြင်း**

၁၉၇။ (၁) ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉ ၏ အဓိပ္ပာယ်အရ တရားသူကြီးဖြစ်သူ၊ သို့မဟုတ် ရာဇဝတ် တရားသူကြီးတစ်ဦး၊ သို့မဟုတ် နိုင်ငံတော်သမ္မတ၊ သို့မဟုတ် အခြားအဆင့်မြင့်သော အာဏာပိုင်၏ အခွင့် အမိန့်မရရှိဘဲ ရာထူးမှထုတ်ပယ်ခြင်းမပြုနိုင်သော ပြည်သူ့ ဝန်ထမ်းတစ်ဦးသည် မိမိရာထူးအလျောက် တာဝန် ထမ်းဆောင်စဉ်ပြုလုပ်သော သို့မဟုတ် ပြုလုပ်သည်ဟု သဘောသက်ရောက်သော ပြစ်မှု တစ်စုံတစ်ရာနှင့် စွပ်စွဲခြင်းခံရသောအခါ နိုင်ငံတော်သမ္မတ၏ ကြိုတင် အခွင့်အမိန့်မရရှိဘဲ အဆိုပါပြစ်မှုကို မည်သည့်တရားရုံး ကမျှ အရေးမယူရ။

**တရားစွဲဆိုခြင်းနှင့်စပ်လျဉ်း၍ သမ္မတ၏အာဏာ**

(၂) အဆိုပါ တရားသူကြီး၊ ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ပြည်သူ့ဝန်ထမ်းကို မည်သူက မည်သည့် နည်းဖြင့် မည်သည့်ပြစ်မှု သို့မဟုတ် ပြစ်မှုများအတွက် တရားစွဲရမည်ဖြစ်ကြောင်းကို နိုင်ငံတော်သမ္မတက ဆုံးဖြတ် နိုင်သည်။ ၎င်းအပြင် မည်သည့်တရားရုံးတွင် ကြားနာ စစ်ဆေးရမည် ဖြစ်ကြောင်း သီးခြားဖော်ပြနိုင်သည်။

**ရှင်းချက်**

(၁) တရားသူကြီး ရာဇဝတ် တရားသူကြီး၊ နိုင်ငံတော်သမ္မတအထက် အာဏာပိုင်လူကြီးများ၏ ခွင့်ပြုချက် (သို့) အထက်မြန်မာနိုင်ငံတော် စွပိုင်မရှိဘဲ မည်သည့်တရားရုံးကမှ အရေးမယူနိုင် ။

(၂) နိုင်ငံတော်သမ္မတသည် ၎င်းအမှုအတွက် စစ်ဆေးရန်ရုံးကို သတ်မှတ်ပေးနိုင်သည်။

**စီရင်ထုံး**

၁၉၆၆ ၊ မြန်မာနိုင်ငံ တရားစီရင်ထုံး (တရားရုံးချုပ်)

(၁) စာမျက်နှာ ၄၉၆၊ ဦးကျော်ညွန့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

**နိုင်ငံတော် တရားရုံးချုပ်**

**ရာဇဝတ်ပြင်ဆင်မှု**

တရားသူကြီးချုပ်ဒေါက်တာ မောင်မောင်၊ တရားသူကြီး ဦးချစ်နှင့်

တရားသူကြီး ဦးသက်ဖေတို့ ရှေ့တွင်

ဦးကျော်ညွန့် (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ(ပြင်ဆင်လျှောက်ထားခံရသူ)

၁၉၆၆၊ ဧပြီလ ၅ ရက်။



**ရာဇသတ်ကြီး ဥပဒေပုဒ်မ ၄၀၉ အရ စွဲဆိုခြင်း။ ထောင်မှူးများ ထောင်မှ ပိုလျှံနေသော သီးနှံများ အပြင်သို့ရောင်းခြင်း။ ရောင်းရငွေများကို အစိုးရငွေတိုက်သို့ ပေးသွင်းခြင်း။ ယင်းကဲ့သို့ ရောင်းချခြင်းသည် တာဝန်ဝတ္တရားနှင့် လုံးဝမအပ်ဟုဆိုနိုင်၊ မဆိုနိုင်။ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၉၇ (၁) အရ အစိုးရ၏ ကြိုတင်ခွင့်ပြုချက် ယူရန် လို၊ မလို။ အစိုးရ၏ ကြိုတင်ခွင့်ပြုချက်လိုသည်ဟု သတ်မှတ်ခြင်းသည် ပုဂ္ဂိုလ်တစ်ဦးဦးကို မထိုက်မတန်သော အကာအကွယ်ပေးခြင်း မြောက် မမြောက်။**

**ဆုံးဖြတ်ချက် ။** ။ ဘော်စတယ်ကျောင်းအုပ်နှင့် အကျဉ်းဌာနမင်းကြီးတို့၏ ပြောဆိုချက်တို့ကို ခြုံ၍ကြည့်လျှင် ထောင်မှူးများသည် မိမိတို့၏ ထောင်များမှ ပိုလျှံသောသီးနှံများကို အပြင်သို့ရောင်း၍ အစိုးရငွေတိုက်သို့ ရောင်းရငွေများကို ပေးသွင်းသည့် အလေ့အထ ရှိကြသည်။ ကြိုတင်၍ အကျဉ်းဌာနမင်းကြီးထံ ခွင့်ပန်ခြင်း၊ အစီရင်ခံခြင်း စသည်ကိုပြုလျှင် စည်းကမ်းကျနသည်။ ထိုသို့ ခွင့်ပန်ခြင်း၊ အစီရင်ခံခြင်းပြုရန် ပျက်ကွက်ရုံမျှနှင့် ဥပဒေကို ချိုးဖောက်သည်၊ ရာဇဝတ်မှု ကျူးလွန်သည်ဟု မဆိုသာပေ။ ဌာနတွင်း စည်းကမ်း ဖောက်ဖျက်ခြင်း၊ ပျက်ကွက်ခြင်းကား ဖြစ်နိုင်သည်။ ဌာနဆိုင်ရာ အကြီးအကဲက သတိပေးခြင်း၊ အရေးယူခြင်းကို ပြုကောင်းပြုမည်။ လုပ်ရိုးလုပ်စဉ်အရ သီးနှံများကို အပြင်သို့ရောင်းချခြင်းသည် တာဝန်ဝတ္တရားနှင့် လုံးဝမအပ်စပ်ဟု

မဆိုနိုင်။ ထို့ကြောင့် ရာဇဝတ်ကြောင်းဖြင့် အရေးယူလိုလျှင် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၉၇ (၁) အရ အစိုးရ၏ ကြိုတင်ခွင့်ပြုချက်ယူရန် လိုပေလိမ့်မည်။

**ထပ်မံဆုံးဖြတ်ချက် ။** ။ ကြိုတင်ခွင့်ပြုချက် ပေးသင့် မပေးသင့်ကို သက်ဆိုင်ရာဌာနက ဆုံးဖြတ်ရခြင်းဖြင့် ဌာနတွင်း စည်းကမ်းထိန်းသိမ်းခြင်းနှင့် ဌာနကို အုပ်ချုပ်ကွပ်ကဲခြင်းကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်သည်။ သက်ဆိုင်ရာ အရာရှိအဖို့လည်း အရမ်းမဲ့ စွပ်စွဲခံရခြင်း၏ အန္တရာယ်မှ အတော်အသင့် အကာအကွယ်ရသည်။ မိမိ၏ တရားဝင် တာဝန်များကို ရဲရဲဝံ့ဝံ့ ထမ်းဆောင်နိုင်သည်။ ထို့ကြောင့် အစိုးရ၏ ကြိုတင်ခွင့်ပြုချက်ကို လိုသည်ဟု သတ်မှတ်ခြင်းသည် ပုဂ္ဂိုလ်တစ်ဦးဦးကို မထိုက်မတန်သော အကာအကွယ်ပေးခြင်း မမြောက်။ အများအကျိုးကိုပြု၍ အစိုးရဌာနများ၏ စည်းကမ်းအုပ်ချုပ်ရေး ထိန်းသိမ်းမှုကို အထောက်အကူပြုစေသည်။ ဌာနအကြီးအကဲက ရာဇဝတ်မှုဖွင့်ရန် အကယ်၍ လိုအပ်သည်ဟုမြင်လျှင် အစိုးရ၏ခွင့်ပြုချက်ကို ရယူရန် ခက်ခဲမည်မဟုတ်ပေ။

နိုင်ငံတော်နှင့် မောင်ဘိုမောင် ရန်ကုန်အတွဲများ၊ ၁၃၊ စာမျက်နှာ ၅၀၄၊ အင်ဘာရို(စ်) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၉၅၃ ခု၊ မြန်မာနိုင်ငံစီရင်ထုံး ၃၁၅၊ (တရားလွှတ်တော်) တို့ကို ရည်ညွှန်းသည်။



ပြင်ဆင်ရန်လျှောက်ထားသူအတွက် ။ ဦးတင့်

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။

လက်ထောက် နိုင်ငံတော် ရှေ့နေချုပ်ဦးဘကျော်။

**တရားသူကြီးချုပ် ဒေါက်တာမောင်မောင်။ ။** လျှောက်ထားသူ ဦးကျော်ညွန့်သည် သရက်မြို့ ဘော်စတယ်(လ်) ကျောင်းအုပ်ကြီးအဖြစ် ဆောင်ရွက်နေစဉ် ကျောင်းမှစိုက်ပျိုး၍ပိုလျှံသော နှမ်းစသော သီးနှံတို့ကို အပြင်သို့ ရောင်းချ၍ ကိုယ်ကျိုးအတွက် သုံးစွဲခဲ့သည်ဟု စွပ်စွဲချက်ရှိသည်။ အစဦး၌ ဦးကျော်ညွန့်အား အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေပုဒ်မ ၈(၁)အရ ရဲတပ်ဖွဲ့စခန်းမှူးက တိုင်ချက်ဖွင့်ခဲ့သည်။ နောက်ပိုင်းတွင် ထိုပုဒ်မဖြင့်မစွဲဘဲ ရာဇသတ်ကြီး ပုဒ်မ ၄၀၉ အရ ယုံကြည်အပ်နှံခြင်းကို ဖောက်ဖျက်မှုဖြင့်စွဲဆို၍ ရုံးသို့ အမှုကိုတင်ပို့ခဲ့ကြသည်။

အမှုကို သရက်မြို့ ဒုတိယ ရာဘတ် ရာဇဝတ် တရားသူကြီးရုံးတွင် စစ်ဆေးခဲ့ရာ တရားလိုပြသက်သေနှစ်ဦး စစ်ဆေးအပြီးတွင် ဦးကျော်ညွန့်၏ ပညာရှိရှေ့နေကြီးက အကြောင်းနှစ်ချက်ကို တင်ပြ၍ အမှုကို ပလပ်ကာ ဦးကျော်ညွန့်အား တရားရှင် လွှတ်သင့်ကြောင်းဖြင့် လျှောက်လဲခဲ့သည်။ တာဝန်ဝတ္တရားကို ဆောင်ရွက်လျက် ဇာလီတောင် ဆရာတော်သို့ ၁၉၆၃ ခုနှစ်ကတည်းက ရောင်းချ၍ ငွေများကို စနစ်တကျ ငွေတိုက်သို့ ပေးသွင်း

ခဲ့ပြီးဖြစ်သည်မှာ ပေါ်လွင်သဖြင့် မည်ဆည့်ဖြစ်မှုကိုမျှ မကျူးလွန်ကြောင်း ထင်ရှားကြောင်း၊ ဒုတိယတင်ပြချက်မှာ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၉၇ (၁) အရ ဦးကျော်ညွန့်ကဲ့သို့သော အရွေးချယ်ခံတန်းအဆင့်ရှိ အကျဉ်းဌာနဝန်ထမ်းတစ်ဦးအား ၎င်း၏တာဝန်ဝတ္တရားကို ထမ်းဆောင်ပြုမူခဲ့ခြင်းအတွက် စွဲဆိုစစ်ဆေးလိုလျှင် သက်ဆိုင်ရာ အစိုးရဌာန၏ တရားစွဲဆိုခွင့်ကို ကြိုတင်ရယူရန်လိုပါသည်။ ထိုသို့ ကြိုတင်ခွင့်ပြုချက်မရဘဲ တရားစွဲဆိုခဲ့ခြင်းသည် တရားမဝင် မှားယွင်းပါသည်ဟူ၍ ဖြစ်သည်။

အမှုစစ်ရုံး ပညာရှိတရားသူကြီးက အထောက်အထား မလုံလောက်ဟု ယူဆရန်မှာ တရားလို သက်သေနှစ်ယောက်ကိုသာ စစ်ဆေးပြီးသေးသဖြင့် စောသေးသည်ဟု ဆုံးဖြတ်ခဲ့သည်။ အစိုးရ၏ ကြိုတင်ခွင့်ပြုချက် လို မလိုဆိုသည့် ပြဿနာနှင့် ပတ်သက်၍လည်း စီရင်ထုံးများနှင့် တရားရုံးချုပ်၏ ၁၉၆၄ ခုနှစ်၊ ညွှန်ကြားလွှာအမှတ် ၁၈ ကို ကိုးကားပြီးလျှင် ပညာရှိတရားသူကြီးက ကြိုတင်ခွင့်ပြုချက်မလိုဟူ၍ ဆုံးဖြတ်ခဲ့သည်။ ထိုဆုံးဖြတ်ချက်တို့ကို မကျေနပ်သဖြင့် ဦးကျော်ညွန့်က စက်ရှင်ရုံးသို့ ပြင်ဆင်မှု ဖွင့်လှစ်တက်ရောက်ခဲ့ရာ ပညာရှိ စက်ရှင်တရားသူကြီးက မူလရုံးနှင့် ပထမဆုံးဖြတ်ချက်၌ သဘောတူသည်။ တရားလိုသက်သေ နှစ်ဦးကိုသာ စစ်ဆေးရသေး၍ အမှုကို မခိုင်လုံဟု မဆိုသာသေးကြောင်း၊ အစိုးရ၏ ကြိုတင်ခွင့်ပြုချက် လို မလို ပြဿနာနှင့် ပတ်သက်၍မူကား ဦးကျော်ညွန့်သည် ဇာလီတောင် ဆရာတော်သို့



နှမ်းများကို ရောင်းချခဲ့ခြင်းမှာ ဘော်စတယ်(လ်) ကျောင်းအုပ်ကြီး၏ လုပ်ရိုးလုပ်စဉ် အစဉ်အလာအရ ရောင်းကြောင်း ပေါ်လွင်သည်။ မိမိ၏ အလုပ်ဝတ္တရားနှင့် ဆက်စပ်နေသော ပြုမူချက်တစ်ရပ်ဖြစ်၍ ထိုပြုမူချက်နှင့် ပတ်သက်၍ တရားစွဲဆိုလိုလျှင် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၉၇ (၁) အရ အစိုးရ၏ ကြိုတင်ခွင့်ပြုချက်ကို အခြေခံပြုရမည်ဟု ဆုံးဖြတ်သင့်ကြောင်း ပညာရှိ စက်ရှင်တရားသူကြီးက ဤရုံးသို့ ထောက်ခံ၍ အမှုတွဲကို ပေးပို့ခဲ့သည်။

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၉၇ (၁) ကို အဓိပ္ပါယ်ဖွင့်ဆို၍ တရားရုံးချုပ်က ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် နေ့စွဲပါ ညွှန်ကြားလွှာ အမှတ် ၁၈ ကို ရာဇဝတ်တရားသူကြီးများ အားလုံးသို့ ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။ ထိုညွှန်ကြားလွှာတွင် ပုဒ်မ ၁၉၇ (၁) တွင် အကျုံးဝင်သော ပြည်သူ့ဝန်ထမ်း နှစ်မျိုးနှစ်စားရှိကြောင်း ရှင်းလင်းဖော်ပြခဲ့သည်။ ထိုနှစ်မျိုးနှစ်စားမှာ (က) ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ရာဇသတ် ပုဒ်မ ၁၉ တွင် ဖော်ပြထားသည့် တရားသူကြီးနှင့် (ခ) တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရဘဲ ရာထူးမှ နှုတ်ပယ်ခြင်း မပြုနိုင်သည့် ပြည်သူ့ဝန်ထမ်းတို့ဖြစ်သည်။ ဦးကျော်ညွန့်သည် (ခ) အမျိုးအစားတွင်ပါသော ပြည်သူ့ ဝန်ထမ်းတစ်ဦး ဖြစ်ကြောင်း အငြင်းမထွက်ပေ။

ညွှန်ကြားလွှာတွင် ဆက်လက်ရှင်းလင်းထားသည်မှာ ပုဒ်မ ၁၉၇ (၁) တွင် အကျုံးဝင်သော ပြည်သူ့ဝန်ထမ်းပင်

ဖြစ်လင့်ကစား တာဝန်ဝတ္တရားအရ ထမ်းဆောင်နေခိုက် ကျူးလွန်သော ပြစ်မှုအတွက်သာ ၎င်းအား တရားစွဲဆိုရန် ကြိုတင်ခွင့်ပြုချက်လိုကြောင်း၊ တာဝန်ဝတ္တရားနှင့် လုံးဝ မအပ်စပ်သည့် ပြုမူချက်နှင့်ပတ်သက်လျှင် ခွင့်ပြုချက် ယူရန် မလိုကြောင်း ဖော်ပြ၍ ဥပမာများကို စီရင်ထုံး များအား ရည်ညွှန်း၍ ပေးထားသည်။ လာဘ်ယူသော တရားသူကြီး၊ အစိုးရပစ္စည်းများကို ရောင်းချ အလွဲသုံးစား ပြုသော အရာရှိ၊ လူနာထံမှ ခါးပိုက်နှိုက်သော ဆရာဝန် စသည်တို့ကို ရုံးတင်စစ်ဆေးရန် ကြိုတင်ခွင့်ပြုချက်ယူရန် မလိုဟု ဆိုထားသည်။ ထို"မှု"ကို စီရင်ထုံးပြုထားသည့် အရေးကြီးသော မြန်မာနိုင်ငံစီရင်ထုံးများသည် နိုင်ငံတော် နှင့် မောင်ဘိုမောင်နှင့် အင်ဘာရို(စ်) နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတို့ ဖြစ်သည်။ မောင်ဘိုမောင်အမှုတွင် တရားခံ သည် လက်ထောက်စာရင်းကိုင်တစ်ဦးဖြစ်၍ တရားရုံးချုပ် ညွှန်ကြားလွှာတွင် ဖော်ပြထားသော အရာရှိအမျိုးအစား တွင် မပါဝင်ခဲ့ချေ။ ထို့ကြောင့် မောင်ဘိုမောင်အား တရား စွဲဆိုရန် အစိုးရ၏ ကြိုတင်ခွင့်ပြုချက်မလိုချေ။ အကယ်၍ မောင်ဘိုမောင်သည် ထိုအရာရှိမျိုးပင် ဖြစ်စေဦး အလွဲ သုံးစား ပြစ်မှုသည် တာဝန်နှင့် ဆက်စပ်သည် မဟုတ်။ ရာထူးကို အခွင့်အရေးယူ၍ ကျူးလွန်သော ပြစ်မှုသာ ဖြစ်သည်။ ထို့ကြောင့် ကြိုတင် ခွင့်ပြုချက်မယူဘဲ ၎င်းကို တရားစွဲဆိုနိုင်ပေမည်ဟု အယူခံရုံးက ဆက်၍ ဝေဖန် မှတ်ချက်ပြုလေသည်။ ထိုဝေဖန်ချက် မပြုလျှင်လည်း ပထမ အကြောင်းနှင့်ပင် အယူခံကို ဆုံးဖြတ်နိုင်ခဲ့သည်။



အင်ဘာရို(စ်)အမှုတွင် တရားခံသည် ညွှန်ကြားလွှာ တွင် အကျုံးဝင်သော အစိုးရ အရာရှိတစ်ဦး ဖြစ်ခဲ့သည်။ ၎င်းက အစိုးရ ရေဒီယိုများကို တာဝန်ဖြင့် ရောင်းချရာမှ အလွဲသုံးစားပြုလုပ်ခဲ့ခြင်းဖြင့် စွဲဆိုခြင်းခံရကာ ပြစ်ဒဏ် ရခဲ့လေသည်။ အယူခံတွင် အစိုးရ၏ ကြိုတင်ခွင့်ပြုချက် မယူဘဲ တရားစွဲဆိုခဲ့ခြင်းကြောင့် အမှုသည် ပျက်ပြယ် ပါသည်ဟု အင်ဘာရို(စ်) ဘက်မှ တင်ပြခဲ့ရာ ထိုတင်ပြချက် ကို ရုံးကလက်ခံ။ မောင်ဘိုမောင် စီရင်ထုံးကို လိုက်နာ၍ အလွဲသုံးစားပြုခြင်းသည် အရာရှိတစ်ဦး၏ တာဝန် ဝတ္တရားနှင့် ပတ်သက်ခြင်းမရှိဟု ဆုံးဖြတ်ခဲ့လေသည်။ အင်ဘာရို(စ်) စီရင်ထုံးတွင် အမှုကိုစစ်ဆေးပြီး တရားခံတွင် အပြစ်ရှိကြောင်း ပေါ်လွင်ပြီးမှ အစိုးရ၏ ကြိုတင် ခွင့်ပြုချက် ရယူရန် လိုခဲ့ မလိုခဲ့ကို အယူခံ၌ စဉ်းစား ခဲ့ရခြင်းဖြစ်သည်။ အကယ်၍ လိုသည်ဟု ဆုံးဖြတ်ခဲ့လျှင် အမှုကို အသစ်တစ်ဖန် စစ်ဆေးရန်သာရှိခဲ့မည်။ တရားခံ လည်း အပြစ်မှ ကင်းလွတ်မည်မဟုတ်။ ထပ်မံစစ်ဆေး ရခြင်းကြောင့် ၎င်းသာ နစ်နာဖွယ်လည်းရှိသည်။ ရုံးများ တွင်လည်း ထင်ရှားပြီးအမှုကို တစ်ဖန်ပြန်လည် စစ်ဆေး ရ၍ အချိန်ကုန်ရမည်။ ထိုအချက်သည် အယူခံရုံး၏ စိတ်ထဲ၌ ကိန်းဝပ်လျက် ရှိခဲ့ပေလိမ့်မည်။

ကျွန်ုပ်တို့ရှေ့မှောက်ရှိ အမှုတွင်ကား တရားလို သက်သေ ၂ ဦးကိုသာ စစ်ဆေးရသေးသည်။ ဦးကျော်ညွန့် သည် ဘော်စတယ်(လ်) ကျောင်းမှထွက်သော ပိုလျှံသီးနှံ များကို ရောင်းချ၍ အလွဲသုံးစားပြုခဲ့သည်ဟု စွဲဆို

ချက်မျှသာ ရှိသေးသည်။ တရားလိုကလည်း အပြည့်အစုံ မြွက်ဆိုပြီးမှ ရုံးက စွဲချက်တင်လောက်သော အထောက်အထားများ ရှိ မရှိကို စဉ်းစားဆုံးဖြတ်ရဦးမည်။ စွဲချက်တင်မှ ဦးကျော်ညွန့်က ခုခံချေပရဦးမည်။

ဦးကျော်ညွန့်သည် တာဝန်ဝတ္တရားအရ သီးနှံများကို ရောင်းချခဲ့သလော ဟူသည့် ပြဿနာသည် ဤအခြေအနေ၌ အဓိက ပြဿနာဖြစ်သည်။ တာဝန်ဝတ္တရားအရ ရောင်းချပြီးမှ ဖောက်ပြန်ကာ အလွဲသုံးစားလုပ်ခဲ့သည် မလုပ်ခဲ့သည်မှာ အမှုကို အပြည့်အစုံ စစ်ဆေးမှ ပေါ်လွင်မည် ဖြစ်ပေသည်။ အမှုကိုစွဲဆိုရန် အစိုးရ၏ ကြိုတင်ခွင့်ပြုချက် လို မလိုကို စဉ်းစားသည့် ဤအဆင့်၌ ဖောက်ပြန်စိတ် ရှိ မရှိနှင့် ပြစ်မှုမြောက်သော အပြုအမူ ရှိခဲ့ မရှိခဲ့ ထည့်သွင်းစဉ်းစားနိုင်ရန် အထောက်အထား အလုံအလောက် မရှိနိုင်သေးပေ။

တာဝန်ဝတ္တရားအရ သီးနှံများကို ရောင်းချခဲ့ခြင်း ဖြစ်သလော ဟူသည့် ပြဿနာကို စဉ်းစားနိုင်ရန် ပညာရှိ စက်ရှင်တရားသူကြီးသည် လက်ရှိ ဘော်စတယ်(လ်) ကျောင်းအုပ် ဦးမောင်မောင်ခင်အား ဖိတ်ခေါ် မေးမြန်းခဲ့သည်။ ကျောင်းထွက်သီးနှံများကို ကျောင်းအုပ်က အပြင်သို့ ရောင်းချပြီးလျှင် ရငွေကို ငွေတိုက်တွင် ချလံနှင့် သွင်းကြသည့် အစဉ်အလာရှိကြောင်းဖြင့် ဦးမောင်မောင်ခင်က ထွက်ဆိုခဲ့သည်။ အမှုတွဲတွင် ဦးကျော်ညွန့်က နှမ်းများရောင်းရငွေများကို ထိုသို့ ငွေတိုက်သို့ ချလံဖြင့်



၁၉၆၁ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၆၃ ခုနှစ်တွင် တစ်ကြိမ် ပေးသွင်းခဲ့သည်ကို တွေ့ရသည်။ (သက်သေခံ ည၊ ဋ၊ ဌ၊ င၊ စ)

ကျွန်ုပ်တို့ကလည်း ပို၍သေချာအောင် အကျဉ်းဌာနမင်းကြီး ဦးသန်းနွဲ့ကို ဖိတ်ခေါ်မေးမြန်းခဲ့သည်။ အမှန်တရားကို ရှာဖွေရာတွင် ပါဝင်ကူညီသည့် စေတနာဖြင့် ဦးသန်းနွဲ့က ရုံးသို့လာရောက်ပြောဆိုခဲ့သည်မှာ ပိုလျှံသီးနှံများကို အပြင်သို့ မရောင်းရဟုလည်း မတားမြစ်ပါ။ ညွှန်ကြားချက်မရှိ၍ အချို့သောထောင်မှူးများက မိမိထံ အစီရင်ခံ၍ ရောင်းကြပါသည်။ အချို့ကား အစီရင်ခံခြင်း မပြုပါ။ ပျက်စီးလွယ်သော သီးနှံများကို ရောင်းချရန် အကျဉ်းဌာနမင်းကြီး၏ခွင့်ပြုချက်မလိုပါ။ နှမ်းသည်ကား သိုလှောင်ထားနိုင်သည့်ပစ္စည်း ဖြစ်ပါသည်။ ဘော်စတယ်(လ်) ကျောင်းမှ နှမ်းများရောင်းချခြင်းနှင့် ပတ်သက်၍ ခွင့်တောင်းခြင်း၊ အစီရင်ခံခြင်းမပြုခဲ့ပါ။ ငွေသွင်းထားသည်ကိုကား တွေ့ရပါသည်။ ယခုကဲ့သို့ အမှုမျိုး ယခင်ကလည်း မဖြစ်ဖူးပါ စသည်ဖြင့် ဦးသန်းနွဲ့က ထွက်ဆိုလေသည်။

ဦးမောင်မောင်ခင်နှင့် ဦးသန်းနွဲ့တို့၏ ထွက်ဆိုချက်တို့ကို ခြုံ၍ကြည့်လျှင် ထောင်မှူးများသည် မိမိတို့ထောင်များမှ ပိုလျှံသောသီးနှံများကို အပြင်သို့ရောင်း၍ အစိုးရငွေတိုက်သို့ ရောင်းချငွေများကို ပေးသွင်းသည့် အလေ့အထရှိကြသည်။ ကြိုတင်၍ အကျဉ်းဌာနမင်းကြီးထံ

ခွင့်ပန်ခြင်း၊ အစီရင်ခံခြင်း စသည်ကို ပြုလျှင် စည်းကမ်းကျနသည်။ ထိုသို့ ခွင့်ပန်ခြင်း အစီရင်ခံခြင်းပြုရန် ပျက်ကွက်ရုံမျှနှင့် ဥပဒေကိုချိုးဖောက်သည်၊ ရာဇဝတ်မှုကျူးလွန်သည်ဟု မဆိုသာပေ။ ဌာနတွင်း စည်းကမ်းဖောက်ဖျက်ခြင်း၊ ပျက်ကွက်ခြင်းကား ဖြစ်နိုင်သည်။ ဌာနဆိုင်ရာ အကြီးအကဲက သတိပေးခြင်း၊ အရေးယူခြင်းကို ပြုကောင်းပြုမည်။ လုပ်ရိုးလုပ်စဉ်အရ သီးနှံများကို အပြင်သို့ရောင်းချခြင်းသည် တာဝန်ဝတ္တရားနှင့် လုံးဝမအပ်စပ်ဟု မဆိုနိုင်။ ထို့ကြောင့် ရာဇဝတ်ကြောင်းဖြင့် အရေးယူလိုလျှင် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၉၇ (၁)အရ အစိုးရ၏ ကြိုတင်ခွင့်ပြုချက်ယူ ရန်လိုပေမည်။

ကြိုတင်ခွင့်ပြုချက်ပေးသင့် မပေးသင့်ကို သက်ဆိုင်ရာ အစိုးရဌာနက ဆုံးဖြတ်ရခြင်းဖြင့် ဌာနတွင်း စည်းကမ်း ထိန်းသိမ်းခြင်းနှင့် ဌာနကို အုပ်ချုပ်ကွပ်ကဲခြင်းကို ပိုမို ထိရောက်စွာ ဆောင်ရွက်နိုင်သည်။ သက်ဆိုင်ရာ အရာရှိအဖို့လည်း အရမ်းမဲ့စွပ်စွဲခံရခြင်း၏ အန္တရာယ်မှ အတော်အသင့် အကာအကွယ်ရသည်။ မိမိ၏ တရားဝင် တာဝန်များကို ရဲရဲဝံ့ဝံ့ ထမ်းဆောင်နိုင်သည်။ ထို့ကြောင့် အစိုးရ၏ ကြိုတင်ခွင့်ပြုချက် လိုသည်ဟု သတ်မှတ်ခြင်းသည် ပုဂ္ဂိုလ်တစ်ဦးဦးကို မထိုက်မတန်သော အကာအကွယ် ပေးခြင်းမမြောက်။ အများအကျိုးကိုပြု၍ အစိုးရဌာနများ၏ စည်းကမ်း၊ အုပ်ချုပ်ရေး ထိန်းသိမ်းမှုကို အထောက်အကူ ပြုစေသည်။ ဌာနအကြီးအကဲက



ရာဇဝတ်မှုဖွင့်ရန် အကယ်လိုအပ်သည်ဟု မြင်လျှင် အစိုးရ၏ ခွင့်ပြုချက်ကို ရယူရန် ခက်ခဲမည် မဟုတ်ပေ။

တရားစီရင်ရာတွင် ဥပဒေနှင့် ဆန့်ကျင့်၍ တရားမဲ့ ပြုလုပ်သော မြို့ပိုင်၊ အရာရှိ၊ လာဘ်ယူသော ရာဇဝတ် တရားသူကြီးတို့ကို အထူး ရာဇဝတ်ရုံးများဖွဲ့၍ စစ်ဆေးစေသောအခါ တော်လှန်ရေးအစိုးရက ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၉၇ (၁) အရ တရားစွဲဆိုခွင့်ကို ကြိုတင်ထုတ်ပေးခဲ့သည်ကို ကျွန်ုပ်တို့သည် အထူးရာဇဝတ်ရုံး အယူခံအဖွဲ့၏ အမှုတွဲများမှ တွေ့ရှိရသည်။

*(ပြည်ထောင်စု နှင့် ဦးထွန်းအေး၊ တောင်ငူ*
*အထူးရာဇဝတ်ရုံးအမှတ် ၂၄-၆၃။*

*ပြည်ထောင်စု နှင့် ဦးအေးသွင်၊ အင်းစိန်*
*အထူးရာဇဝတ်ရုံးအမှတ် ၉-၆၃)*

ဦးသန်းနွဲ့၏ထွက်ဆိုချက်နှင့် အမှုပါအချက်အလက်များကို ထောက်ချင့်၍ လျှောက်ထားသူ ဦးကျော်ညွှန့်သည် တာဝန်ဝတ္တရားနှင့် လုံးဝမအပ်စပ် ပြုလုပ်ခဲ့သည်ဟု မဆိုနိုင်ကြောင်း၊ ထို့ကြောင့် ၎င်းအား တရားစွဲဆိုရန် အစိုးရ၏ ကြိုတင်ခွင့်ပြုမိန့် လိုကြောင်းဖြင့် ပညာရှိ လက်ထောက်နိုင်ငံတော် ရှေ့နေချုပ် ဦးဘကျော်ကလည်းတင်ပြသည်။ ကျွန်ုပ်တို့ကလည်း အထက်၌ ဖော်ပြပြီးသော အကြောင်းတို့ကြောင့် ထိုသို့ပင် သဘောရရှိသဖြင့် ပညာရှိ စက်ရှင်တရားသူကြီး၏ ထောက်ခံချက်ကို လက်ခံကာ အစိုးရ၏ ကြိုတင်ခွင့်ပြုချက် လိုသောအမှုဖြစ်သည်ဟု ဆုံးဖြတ်သည်။

လျှောက်ထားသူ၏ ပညာရှိ ရှေ့နေကြီး ဦးတင်က ယခုအထိ မှတ်တမ်းတင်ပြီးသော သက်သေခံချက်တို့အရပင် လျှောက်ထားသူတွင် အပြစ်မရှိဟု ရှင်းလင်းသည်ဟု တစ်ဆက်တည်း ကျွန်ုပ်တို့က ဆုံးဖြတ်ပေးရန် တောင်းခံသည်။ သို့ရာတွင် ထိုအချက်နှင့် ပတ်သက်၍မူ ကျွန်ုပ်တို့သည် စက်ရှင်တရားသူကြီးနှင့် ထပ်တူပင် အချက်အလက် မပြည့်စုံသေးဟု သဘောရရှိကြသည်။

(၂) အောက်ပါ ပုဂ္ဂိုလ်များအား တာဝန်ထမ်းဆောင်ခိုက် ကျူးလွန်သော ပြစ်မှုအတွက် တရားစွဲဆိုရန် အစိုးရ၏ တရားစွဲဆိုခွင့်အမိန့်လိုသည်။

(က) မြူနီစပယ်လူကြီး

*[ရန်ကုန် အတွဲ ၄၊ စာ ၁၂၈။ ၁၉၅၃၊ မတစ ၂၁၂ (လွှတ်တော်)]*

(ခ) ယစ်မျိုးအုပ်

*[(ကျော်ထင်အမှု) ရန်ကုန် အတွဲ ၁၂ စာ ၅၃၀]*

(ဂ) ရန်ကုန် ဒု-ရဲအုပ်

*[(မောင်လှမောင် အမှု) အေ အိုင်အာရ် ၁၉၃၅ ရန်ကုန် ၁၆၅]*

(ဃ) ဝန်ကြီးချုပ် *[၁၉၆၁၊ မတစ ၁၉၇ (လွှတ်တော်)]*



(၃) အောက်ပါပုဂ္ဂိုလ်များအား တာဝန်ထမ်းဆောင်ခိုက် ကျူးလွန်သော ပြစ်မှုအတွက် တရားစွဲဆိုခွင့်အမိန့် မလို။

(က) တရားရုံးက ခန့်ထားသောပစ္စည်းထိန်း

*[(မောင်စောမောင် အမှု) ၁၉၃၉ ရန်ကုန် ၁၁၇]*

(ခ) ငွေတိုက်မှ လက်ထောက်ငွေစာရင်းကိုင်သည် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၀၉ အရ ပြစ်မှုကျူးလွန်ရာတွင် မိမိတာဝန် ထမ်းဆောင်ခိုက် ကျူးလွန်သည်ဟု မဆိုနိုင်။ ၎င်း၏အလုပ်သည် ၎င်းအား ပြစ်မှုကျူးလွန်ရန် အခွင့်အလမ်းဖွင့်ပေးခြင်းမျှသာ ဖြစ်သည်။

*(ရန်ကုန် အတွဲ ၁၃၊ စာ ၅၄၀ စုံညီ)*

(ဂ) ပါလီမန်အမတ် *[၁၉၆၂ မတစ ၁၂၈ (ရုံးချုပ်)]*

(၄) ပုဒ်မ ၁၉၇ အရ အကာအကွယ်အပြင် မြန်မာနိုင်ငံအစိုးရ အက်ဥပဒေ ပုဒ်မ ၁၂၄ သည် ၁-၄-၃၇ နေ့ မတိုင်မီက အစိုးရ ဝန်ထမ်းများအား မိမိတို့တာဝန်ထမ်းဆောင်ခိုက် ကျူးလွန်သော ပြစ်မှုများအတွက် ယေဘုယျ ကင်းလွတ်ခွင့်ပေးသည်။ *(၁၉၃၈ ရန်ကုန် ၁၁၆)*

(၅) ပြည်သူ့ဝန်ထမ်းသည် အစိုးရပစ္စည်းကို ရောင်းချရာ၌ ရောင်းရငွေကို အလွဲသုံးစားပြုခြင်းမှာ တာဝန်ထမ်းဆောင်ခိုက် ပြစ်မှုကျူးလွန်ခြင်း မဟုတ်သဖြင့် ပုဒ်မ ၁၉၇ အရ တရားစွဲဆိုခွင့်မလို။

*[၁၉၅၃ မတစ ၃၁၅ (လွှတ်တော်)]*

(၆) ပြည်သူ့ဝန်ထမ်းကျူးလွန်သော ပြုလုပ်မှုသည် ပုဒ်မ ၁၉၇ (၁)တွင် အကျုံးဝင်စေရန် ပြည်သူ့ဝန်ထမ်း၏ တာဝန်နှင့်ပတ်သက်သည့်သဘော ရှိရမည်။

*[ (ဦးစိုးလင်းအမှု) ၁၉၅၃ မတစ ၂၁၂ (လွှတ်တော်) ]*

(၇) ဒု-ရဲချုပ်က ခန့်ထားသော ဒုရဲအုပ်အား တာဝန် ထမ်းဆောင်စဉ် ခြောက်လှန့်တောင်းယူမှုအတွက် တရားစွဲဆိုရန် တရားစွဲဆိုခွင့်မလို။

*[ (ထွန်းရ အမှု) ၁၉၃၈ ရန်ကုန် ၁၀၄ ]*

(၈) ဒိစတြိကောင်စီ အစည်းအဝေးတွင် မဲပေးရန်အတွက် လာဘ်လက်ခံသည့်အတွက် ကောင်စီလူကြီးအား တရားစွဲဆိုရန် တရားစွဲဆိုခွင့်မလို။

*(၁၉၃၉ ရန်ကုန် ၇၂)*

(၉) ထောင်မှူးများသည် ထောင်များမှ ပိုလျှံသော သီးနှံများကို အပြင်သို့ ရောင်းချခြင်းသည် တာဝန်ဝတ္တရားနှင့် မအပ်စပ်ဟု မဆိုနိုင်။ ထို့ကြောင့် ပြစ်မှုကြောင်းဖြင့် အရေးယူလိုလျှင် ပုဒ်မ ၁၉၇ (၁) အရ အစိုးရ၏ ကြိုတင်ခွင့်ပြုချက် ရယူရန် လိုပေလိမ့်မည်။

*[ (ဦးကျော်ညွန့်အမှု) ၁၉၆၆ မတစ ၄၉၆ ]*



(၁၀) ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၇ (၁) ပြည်သူ့ဝန်ထမ်းအား တရားစွဲဆိုရန် မည်သည့်အခါ ခွင့်ပြုမိန့်လိုအပ်ခြင်း၊ ကိုယ်ကျိုးအတွက် အလွဲသုံးစား ပြုလုပ်မှုအတွက် တရားစွဲဆိုရန် ခွင့်ပြုမိန့် လို မလို။

**ဆုံးဖြတ်ချက်** ။ ။ လိမ်လည်တင်ပြ၍ ငွေများကို မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်မှုဖြင့် စွဲဆိုသော အမှုများအတွက် ခွင့်ပြုမိန့်မလိုချေ။ အလွဲသုံးစားပြုခြင်း ပြစ်မှုသည် တာဝန်နှင့် အပ်စပ်ခြင်းမရှိ၊ မိမိရာထူးကို အခွင့်အရေးယူ၍ ကျူးလွန်သော ပြစ်မှုသာဖြစ်သဖြင့် တရားစွဲဆိုရန် ခွင့်ပြုမိန့်မလို။

ဗိုလ်ကြီးဘဌေး နှင့်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

(ဦးအောင်သန်း)

၁၉၇၅ ခုနှစ်၊ မတစ (ဗဟိုတရားရုံး) စာ-၇၂

## ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၃၉(၁) (၂) (၃)

## ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပေးထားပြီးဖြစ်သူကို တင်ပို့ခြင်း

(၁) ပုဒ်မ ၃၃၇၊ သို့မဟုတ် ၃၃၈ အရ ပြစ်ဒဏ် လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီးနောက် ယင်း ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ကို လက်ခံရယူပြီးသူသည် အဓိက အရေးကြီးသည့် အချက်တစ်စုံတစ်ရာကို ၎င်း၏ စိတ်အလိုအလျောက် ဖုံးကွယ်၍ သိမ်းခြင်းဖြင့်သော်လည်းကောင်း၊ မမှန်သက်သေခံခြင်းဖြင့်သော် လည်းကောင်း ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့သည့် စည်းကမ်းချက်များကို လိုက်နာခြင်းမပြုဟု မိမိ ထင်မြင်ကြောင်းဖြင့် အစိုးရရှေ့နေက စာဖြင့် အခိုင်အမာတင်ပြလာလျှင် ထိုသူကို ပြစ်ဒဏ် လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည့်ပြစ်မှုအတွက် စစ်ဆေးစီရင်နိုင်သည်၊ သို့မဟုတ် ယင်းအကြောင်းအရာနှင့် စပ်လျဉ်း၍ ထိုသူ ကျူးလွန်ခဲ့ပုံပေါ်သည့် အခြားပြစ်မှုတစ်စုံတစ်ရာအတွက် စစ်ဆေးစီရင်နိုင်သည်။

သို့ရာတွင် ထိုသူကို ကျန်မည်သည့်တရားခံနှင့်မျှ ပူးတွဲစစ်ဆေးစီရင်ခြင်းမပြုရ။ ထို့ပြင် ယင်းကဲ့သို့ စစ်ဆေးစီရင်မှုတွင် ထိုသူက မိမိသည် လွတ်ငြိမ်းခွင့်ပေးသော စည်းကမ်းချက်များကို လိုက်နာခဲ့ကြောင်း လျှောက်လဲ ပြောဆိုခွင့် ရှိစေရမည်။ ယင်းသို့ လျှောက်လဲပြောဆိုသောအခါ အဆိုပါ စည်းကမ်းချက်များကို ထိုသူ မလိုက်နာခဲ့ကြောင်း ထင်ရှားအောင် တရားလိုဘက်က သက်သေပြရမည်။



(၂) ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့် လက်ခံခဲ့သူတစ်ဦးက ယခင်ကပေးခဲ့သည့် အစစ်ခံချက်ကို ၎င်းအပေါ် ဆန့်ကျင်သည့် သက်သေခံချက်အဖြစ် အဆိုပါ စစ်ဆေးစီရင်မှုတွင် တင်သွင်းနိုင်သည်။

(၃) ဆိုခဲ့သည့် အစစ်ခံချက်နှင့် စပ်လျဉ်း၍ မမှန်သက်သေခံမှုဖြင့် ပြစ်မှုကြောင်းအရ တရားစွဲဆိုခြင်းကို တရားလွှတ်တော်၏ အခွင့်အမိန့် မပါဘဲ လက်မခံရ။

# အခန်း(၃)

## စီရင်ထုံးများ

၁၉၇၅ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး(ရုံးချုပ်)၇၂

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊
အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့်
ဦးကြည်မြတို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅ ဒီဇင်ဘာလ ၁၈ ရက်

ဗိုလ်ကြီးဘဌေး
နှင့်
ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်*
(ဦးအောင်သန်း)

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှတ် ၂၆။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၇၂ တွင် ချမှတ်သော မြိတ်အနောက်မြို့နယ် တရားရုံး၏ အမှုကို ပယ်ဖျက်ပေးရန် လျှောက်ထားခြင်း။

**ဖြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၇(၁)။ ပြည်သူ့ဝန်ထမ်းအား တရားစွဲဆိုရန် မည်သည့်အခါ ခွင့်ပြုမိန့်လိုအပ်ခြင်း၊ ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်မှုအတွက် တရားစွဲဆိုရန် ခွင့်ပြုမိန့်လိုမလို။**

**ဆုံးဖြတ်ချက်။**

လိမ်လည်တင်ပြ၍ ငွေများကို မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်မှုဖြင့် စွဲဆိုသော အမှုများအတွက် ခွင့်ပြုမိန့်မလိုချေ။ အလွဲသုံးစားပြုခြင်း ဖြစ်မှုသည် တာဝန်နှင့် အပ်စပ်ခြင်းမရှိ။ မိမိရာထူးကို အခွင့်အရေးယူ၍ ကျူးလွန်သောပြစ်မှုသာဖြစ်သဖြင့် တရားစွဲဆိုရန် ခွင့်ပြုမိန့်မလို။

လျှောက်ထားသူအတွက်။ ဗဟိုတရားရုံးရှေ့နေ ဦးဝင်းမောင်
လျှောက်ထားခံရသူအတွက်။ ဥပဒေဝန်ထမ်းအဆင့်(၁) ဦးတင်အုံး

ဗိုလ်ကြီးဘဌေးသည် မြိတ်အနောက်မြို့နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့စဉ်က ကာဆင်ဆိုသူအား ၁၉၇၂ ခုနှစ်၊ မေလ ၂၆ ရက်နေ့မှ ၁၉၇၂ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့အထိ ၁၀ ရက်တိုင်တိုင် အကြောင်းမဲ့ မတရားဖမ်းဆီးချုပ်နှောင်ထားစေခဲ့သဖြင့် ဗိုလ်ကြီးဘဌေးအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၄၄ အရ



အရေးယူပါရန် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မော်လမြိုင် ဌာနခွဲ၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သန်း၏ တိုင်တန်းချက်အရ မြိတ်အနောက်မြို့နယ် တရားရုံးက ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၇၂ ကိုဖွင့်၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၄၄ အရ ဗိုလ်ကြီးဘဌေး အပေါ်တွင် အရေးယူသည်။

၎င်းပြင် ဗိုလ်ကြီးဘဌေးသည် မြိတ်အနောက်မြို့နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့စဉ်က -

(က) မြိတ်အနောက်မြောက်မြို့နယ် သမဝါယမအသင်း အလုပ်အမှုဆောင် ဦးစိုးလင်း၏ အကူအညီဖြင့် စက်လှေအသုံးစာရင်းတွင် သဘော်ဆေး ၁၂ ပုံး ဝယ်ငွေဟု လိမ်လည်တင်ပြ၍ သင့်ငွေ ၈၅-၈၀းကို မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခဲ့ကြောင်း။

(ခ) နလကအတွင်းရေးမှူး ဦးပေါစိန်၏ အကူအညီဖြင့် စက်လှေငှားရမ်းခငွေ ၃၃၀၀ိ ကို မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခဲ့ကြောင်း။

(ဂ) ရေယာဉ်များ ထိန်းသိမ်းစရိတ်အဖြစ် ငွေ ၇၅၆ိ၊ ပဲ့ထောင်စက်များ သယ်ပို့ခအဖြစ် ငွေ ၄၀ိ၊ ရေယာဉ်စက်များ သယ်ယူစရိတ်ငွေ ၂၇၀ိ၊ စုစုပေါင်းငွေ ၇၉၂၄ိ ကို မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခဲ့ကြောင်း။

(ဃ) ကျေးရွာများ၌ သန်းခေါင်စာရင်း ကောက်ယူရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြိတ်အနောက်မြို့နယ်မှူး ဦးချစ်ခင်နှင့် ပူးပေါင်းကြံစည်၍ စက်လှေဖြင့် သယ်ယူပို့ဆောင်ခငွေ ၃၀၀၀၀ိ ကို ပြေစာလိမ်များ ပြုလုပ်တင်ပြ ထုတ်ယူခဲ့ကြောင်း၊ ထိုငွေများမှ ငွေ ၁၆၅၈ိ ကို မော်တော်ယာဉ်များ ငှားရမ်းခနှင့် အခြားကုန်ကျငွေဟု ပြေစာလိမ်များ ပြုလုပ်ပြီး မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခဲ့ကြောင်း။

(င) အထက်ဖော်ပြပါ ငွေ ၃၀၀၀၀ိ မှ ငွေ ၂၇၀၈ိ-၄၀ါး ကို စားကုန်ပစ္စည်း ၁၀ မျိုးအတွက် ကုန်ကျငွေဟု ဦးချစ်ခင်နှင့် ပူးပေါင်းကြံစည်၍ လိမ်လည် စာရင်းတင်ပြပြီး မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခဲ့ကြောင်း။

(စ) အထက်ဖော်ပြပါ ငွေ ၃၀၀၀၀ိ မှ ငွေ ၈၁၇ိ-၁၅ါး ကို ကုန်ပစ္စည်း ၅ မျိုးအတွက် ကုန်ကျငွေဟု ဦးစိုးလင်း၊ ဦးချစ်ခင်နှင့် ပူးပေါင်းကြံစည်၍ လိမ်လည် စာရင်းပြပြီး မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခဲ့ကြောင်း။

စသည်ဖြင့် ဦးအောင်သန်း၏ တိုင်တန်းချက်အရ မြိတ်အနောက်မြို့နယ် တရားရုံးက ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၇၃ မှ ၁၇၈ တို့ကိုဖွင့်၍ ဗိုလ်ကြီးဘဌေး အပေါ်တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၉/၄၇၇(က)/၃၄ တို့အရ အရေးယူသည်။



ဗိုလ်ကြီးဘဌေးက ယင်းအမှုအားလုံး (စုစုပေါင်း ၇မှု) ကို ပယ်ဖျက်ပေးပါရန် ဗဟိုတရားရုံးသို့ လျှောက်ထားခြင်း ဖြစ်သည်။

တရားရုံးတွင် စစ်ဆေးဆဲပြစ်မှုဆိုင်ရာ အမှုများကို ဗဟိုတရားရုံးသည် အကြောင်းထူးမရှိဘဲ ပယ်ဖျက်လေ့ မရှိချေ။ သိသိသာသာ မှားယွင်း ချွတ်ချော်နေကြောင်း ပေါ်လွင်မှသာ ဗဟိုတရားရုံးသည် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁(တ)အရ ကိုယ်ပိုင်စီရင်ခွင့်ကို ကျင့်သုံးလျက် အမှုကို ပယ်ဖျက်ပေးသင့်သည့် အစဉ်အလာရှိပေသည်။

ဗိုလ်ကြီးဘဌေးအပေါ်တွင် စွဲဆိုထားသည့် မူလရုံးမှ အမှုများကို စိစစ်ကြည့်ရှုသောအခါ မတရားချုပ်နှောင်ထားမှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၄ အရ စွဲဆိုသော ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၇၂ ၌ ဗိုလ်ကြီးဘဌေးအား တရားစွဲဆိုနိုင်ရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၉၇(၁)အရ ခွင့်ပြုမိန့်တစ်ရပ်ကို ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ ကာကွယ်ရေးဝန်ကြီးဌာနက ပေးခဲ့ပြီးဖြစ်ကြောင်း တွေ့ရှိရပေသည်။ ဗိုလ်ကြီးဘဌေးသည် မြိတ်အနောက်မြို့နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌအဖြစ် တာဝန်ဝတ္တရားများကို ထမ်းဆောင်စဉ်ကာလက ကျူးလွန်ခဲ့သော ပြစ်မှုအတွက် တရားစွဲဆိုခွင့်ပြုကြောင်း ထိုအမိန့်၌ ဖော်ပြပါရှိသည်။ လိမ်လည်တင်ပြ၍ ငွေများကို မိမိကိုယ်ကျိုး

အတွက် အလွဲသုံးစားပြုလုပ်မှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉/၁၀၉/၄၇၇(က)/၃၄ တို့အရ စွဲဆိုသော အမှုများအတွက် ခွင့်ပြုမိန့်မလိုချေ။ အလွဲသုံးစားပြုခြင်း ပြစ်မှုသည် တာဝန်နှင့် အပ်စပ်ခြင်းမရှိ။ မိမိ၏ရာထူးကို အခွင့်အရေးယူ၍ ကျူးလွန်သော ပြစ်မှုသာ ဖြစ်သဖြင့် တရားစွဲဆိုရန် ခွင့်ပြုမိန့်မလိုဟု ကျွန်ုပ်တို့ ယူဆသည်။ ဗိုလ်ကြီးဘဌေးသည် ယခုအခါ ပြည်သူ့ဝန်ထမ်းတစ်ဦး မဟုတ်တော့ပေ။ ၎င်းအား ၁၉၇၄ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့မှစ၍ တပ်အင်အားစာရင်းမှ လျှော့လိုက်ပြီး ဖြစ်သောကြောင့် ၎င်းအား နယ်ဖက်တရားရုံးတွင် တရားစွဲဆိုရန် ကာကွယ်ရေးဝန်ကြီးဌာနမှ အကြောင်းပြန်ကြားပြီး ဖြစ်သည်။

ဗိုလ်ကြီးဘဌေးအပေါ်တွင် စွဲဆိုထားသော အဆိုပါ ပြစ်မှုဆိုင်ရာ အမှုများတွင် ဥပဒေအရ မှားယွင်းချက် တစ်စုံတစ်ရာ မတွေ့ရှိရသဖြင့် ယင်းအမှုများကို ပယ်ဖျက်ရန် အကြောင်းမရှိ။ ထို့ကြောင့် ဗိုလ်ကြီးဘဌေး၏ လျှောက်လွှာကို ပယ်လိုက်သည်။

## ၁၉၇၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး(ရုံးချုပ်)၁၃၈

ဥက္ကဋ္ဌအဖြစ် ဗိုလ်မှူးကြီးလှမောင်၊
အဖွဲ့ဝင်များအဖြစ် ဦးသန့်စင်နှင့်
ဦးစိုးလှိုင်တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၆ ဇန်နဝါရီလ ၁၃ ရက်

ဦးအောင်ကျော်
နှင့်
ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်*
(ဦးဘဆိုင်)

**ပြည်သူ့ဝန်ထမ်းတစ်ဦးဖြစ်သူအား ပြည်သူ့ဝန်ထမ်းအဖြစ် တာဝန်ဝတ္တရား ဆောင်ရွက်စဉ် ပြုမှုမှုနှင့် ပတ်သက်၍ ကြိုတင်ခွင့်ပြုမိန့် မရရှိဘဲ တရားရုံး**

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှတ် ၉၂။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၁၈ တွင် ချမှတ်သော ဧည့်ကုန်းမြို့နယ် တရားရုံး၏အမိန့်ကို လျှောက်ထားမှု။

**က တရားခံအဖြစ် ထည့်သွင်းတရားစွဲဆိုခြင်းသည် ဥပဒေနှင့် ညီ မညီ။**

**ဆုံးဖြတ်ချက်။**

ပြည်သူ့ဝန်ထမ်း တစ်ဦးအဖြစ် တာဝန်ဝတ္တရားဆောင်ရွက်စဉ်ပြုမူမှုနှင့်ပတ်သက်၍ ယင်းပြည်သူ့ဝန်ထမ်းအား တရားစွဲဆိုနိုင်ရန် ကြိုတင်ခွင့်ပြုမိန့်လိုသည်၊ ကြိုတင်ခွင့်ပြုမိန့် မရရှိဘဲ တရားရုံးက ၎င်းပြည်သူ့ဝန်ထမ်းအား တရားခံအဖြစ် ထည့်သွင်းစွဲဆိုခြင်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၇(၁)၏ ပြဋ္ဌာန်းချက်နှင့် မညီညွတ်သဖြင့် ဥပဒေအရ မှားယွင်းပေသည်။

| | |
|---|---|
| လျှောက်ထားသူအတွက်။ | ဗဟိုတရားရုံးရှေ့နေ<br>ဦးကိုယု |
| လျှောက်ထားခံရသူအတွက်။ | ဥပဒေဝန်ထမ်းအဆင့်(၁)<br>ဦးဘသန်း |

ဇီးကုန်းမြို့ သစ်ထုတ်ရေးဒေသ၌ မျောတိုင်များထုတ်လုပ်ခဲ့သော ကွဲခေါင်း ဦးအောင်မောင်းသည် ပေးသွင်းပြီးဖြစ်သည့် မျောတိုင် ၃၁၇ လုံးကို ခိုးယူ၍ တံဆိပ်များနှင့် နံပါတ်များကိုဖျက်၍ လည်းကောင်း၊ မျောတိုင်များကို ဖြတ်တောက်၍လည်းကောင်း ပြုပြင်လျက် လိမ်လည်ကာ ထပ်မံပေးသွင်းပြီး ငွေထုတ်ယူသောကြောင့် ဦးအောင်မောင်းအား အရေးယူပါရန် ဇီးကုန်းမြို့၊ သစ်လုပ်ငန်းကော်ပိုရေးရှင်း၊ သစ်ထုတ်ရေးဌာနခွဲ၊ မန်နေဂျာ



ဦးဘဆိုင်က ပြည်သူ့ရဲတပ်ဖွဲ့သို့ တိုင်ကြားခဲ့သည်။ ပြည်သူ့ရဲတပ်ဖွဲ့က စုံစမ်းပြီး ဦးအောင်မောင်းအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၉ အရ တရားစွဲဆိုခဲ့သည်။ ဇီးကုန်းမြို့နယ်တရားရုံးက ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၁၈ သတ်မှတ်၍ စစ်ဆေးကြားနာခဲ့သည်။

တရားလိုပြသက်သေအချို့ကို စစ်ဆေးပြီးနောက် တရားရုံးက ဦးစိန်သောင်း၊ ဦးကရင်၊ ဦးချစ်ဟန် နှင့် ဦးစံထွန်းတို့(၄)ဦးအား တရားခံအဖြစ် ထည့်သွင်းခဲ့သည်။ ထို့နောက် အမှုကို အစမှတဖန် ပြန်လည်စစ်ဆေးသည်။ ထိုအခါ ဦးဘဆိုင်၏ ထွက်ဆိုချက်၌ လက်ထောက်မန်နေဂျာ ဦးအောင်ကျော်အပေါ် ငြိစွန်းချက်ပါရှိသည်ဟု တရားရုံးက ယူဆလျက် ဦးအောင်ကျော်အား တရားခံအဖြစ် ထည့်သွင်းစွဲဆိုနိုင်ရန် သက်ဆိုင်ရာမှ ခွင့်ပြုမိန့်ကို ဥပဒေဝန်ထမ်းအဆင့်(၄)အား တောင်းစေသည်။ ဥပဒေဝန်ထမ်းအဆင့်(၄)က ရန်ကုန်မြို့၊ သစ်လုပ်ငန်း ကော်ပိုရေးရှင်း အထွေထွေမန်နေဂျာ (သစ်ထုတ်ရေး) ထံသို့ စာရေး၍ ဦးအောင်ကျော်အား တရားစွဲဆိုခွင့် တောင်းသည်။ သို့ရာတွင် ဦးအောင်ကျော်အား တရားစွဲဆိုရန် သက်ဆိုင်ရာမှ ခွင့်ပြုမိန့်မပေးသောကြောင့် တရားရုံးက မိမိသဘောအလျောက် ဦးအောင်ကျော်အား တရားခံတစ်ဦးအဖြစ် နောက်ထပ်ထည့်သွင်းခဲ့သည်။ ဦးအောင်ကျော်က မကျေနပ်သဖြင့် မိမိအား တရားခံအဖြစ် ထည့်သွင်းစွဲဆိုခြင်းကို ပယ်ဖျက်ပေးပါရန် ဗဟိုတရားရုံးသို့ လျှောက်ထားသည်။

မျောတိုင် ၃၁၇ လုံးအနက် မျောတိုင် ၁၁ လုံးကို ဒုတိယမန်နေဂျာ ဦးမြင့်ဆွေက လက်ခံပြီးနောက် ခရီးထွက်သွားသဖြင့် ကျန် ၃၀၆ လုံးကို လက်ထောက်မန်နေဂျာ ဦးအောင်ကျော်က လက်ခံပြီး သစ်လုပ်ငန်းကော်ပိုရေးရှင်း၊ ရောင်းဝယ်ရေးနှင့် သစ်စက်ဌာနခွဲ လက်ထောက်မန်နေဂျာ ဦးတင်စိုးသို့ ပေးအပ်လိုက်ကြောင်း တွေ့ရှိသည်ဟု ဦးဘဆိုင်က တရားရုံး၌ ထွက်ဆိုသည်။ ဦးအောင်ကျော်သည် ဦးအောင်မောင်းနှင့် ပူးပေါင်းကျူးလွန်သည်ဟု ဦးဘဆိုင်က မထွက်ဆိုခဲ့ပေ။

ဖြတ်တောက်၍လည်းကောင်း၊ တံဆိပ်များ ဖျက်၍လည်းကောင်း ဦးအောင်မောင်းက ထပ်မံအပ်သော မျောတိုင်များကို ဦးမြင့်ဆွေနှင့် ဦးအောင်ကျော်တို့သည် သေချာစွာ မစစ်ဆေးခဲ့သဖြင့် ဦးမြင့်ဆွေနှင့် ဦးအောင်ကျော်တို့အား ထုချေလွှာတောင်းသင့်ကြောင်း၊ ဦးအောင်မောင်းက ၎င်း၏ကျူးလွန်မှုကို ဦးအောင်ကျော် လုံးဝမသိပါဟု ထွက်ဆိုခဲ့သဖြင့် ဦးအောင်ကျော်အပေါ်တွင် ဌာနဆိုင်ရာ အရေးယူမှုသာ ပြုသင့်ကြောင်း ဦးဘဆိုင်က မိမိ၏ အထက်အရာရှိထံ တင်ပြသည်။ ထိုတင်ပြချက်အရ ပြည်မြို့ သစ်လုပ်ငန်းကော်ပိုရေးရှင်း၊ သစ်ထုတ်ရေးစီမံကိန်း ဒါရိုက်တာ ဦးကျော်ခင်က ဦးအောင်ကျော် အပေါ်တွင် ဌာနဆိုင်ရာ အရေးယူမှု ပြုလုပ်မည်ဖြစ်ပါကြောင်း ဥပဒေဝန်ထမ်းထံ ပြန်ကြားလျက် ဦးအောင်ကျော်အား တရားစွဲဆိုခွင့်ကို မပေးခဲ့ခြင်း ဖြစ်ပေသည်။



ဦးကျော်ခင်၏ ပြန်ကြားချက်အရ ဦးအောင်ကျော်သည် သက်ဆိုင်ရာဝန်ကြီးဌာနမှ ခွင့်ပြုချက်မရဘဲ ရာထူးမှ နှုတ်ပယ်ခြင်း မပြုနိုင်သည့် ဝန်ထမ်းတစ်ဦးဖြစ်ကြောင်း သိရှိရသည်။ ထို့ကြောင့် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၇(၁) အရ တရားစွဲဆိုရန် ခွင့်ပြုမိန့်လိုအပ်သည့် ပြည်သူ့ဝန်ထမ်း အမျိုးအစားတွင် ဦးအောင်ကျော် ပါဝင်သည်ဟု ဆိုရပေမည်။ ဦးအောင်မောင်းက မျောတိုင်များ လိမ်လည်ပေးသွင်းပြီး ငွေထုတ်ယူမှုနှင့် ပတ်သက်၍ ဦးအောင်ကျော်သည် တာဝန်ဝတ္တရားအရ ဆောင်ရွက်ရာ၌ ပေါ့လျော့ခဲ့ကြောင်း ဦးဘဆိုင်၏ ထွက်ဆိုချက်နှင့် ပေါင်းစပ်စဉ်းစားပါလျှင် ဦးအောင်ကျော်သည် ပြည်သူ့ဝန်ထမ်းတစ်ဦးအနေဖြင့် တာဝန်ဝတ္တရားဆောင်ရွက်ခိုက် ပြုမူခဲ့ကြောင်း ပေါ်လွင်သည်။ ထိုပြုမူချက်အတွက် ဦးအောင်ကျော်အား တရားစွဲဆိုနိုင်ရန် ကြိုတင်ခွင့်ပြုမိန့်ကို လိုသည်။ ကြိုတင်ခွင့်ပြုမိန့် မရရှိဘဲ တရားရုံးက ဦးအောင်ကျော်အား တရားခံအဖြစ် ထည့်သွင်းစွဲဆိုခြင်းသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၉၇(၁) ၏ ပြဋ္ဌာန်းချက်နှင့် မညီညွတ်သဖြင့် ဥပဒေအရ မှားယွင်းပေသည်။

ထို့ကြောင့် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁ (က) အရ ဗဟိုတရားရုံးက ရရှိသော ကိုယ်ပိုင်စီရင်ခွင့်ကို ကျင့်သုံးလျက် လျှောက်ထားသူ ဦးအောင်ကျော်အား မူလရုံးအမှု၌ တရားခံတစ်ဦးအဖြစ် ထည့်သွင်းစွဲဆိုထားခြင်းကို ပယ်ဖျက်စေရန် အမိန့်ချမှတ်လိုက်သည်။